# ကြေးမုံ

The Mirror

Established in 1957

၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်၊ ဗုဒ္ဓဟူးနေ့ (4-12-2013) (၇၆၇၄)


## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၃**

ယနေ့ ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဆက်လက် တည်ရှိနေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (ကြေးမုံ)

## ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရှမ်းနှစ်သစ်ကူးပွဲတော် နှစ်သစ်မင်္ဂလာအခမ်းအနားတက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၃

**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းက လားရှိုးမြို့ ရန်တိုင်းအောင်ဘုရားအနီးရှိ ဆင်းရွှေလီကဇာတ်ရုံ၌ပြုလုပ်သည့် ရှမ်းနှစ် ၂၁၀၈ ခု ရှမ်းရိုးရာနှစ်သစ်ကူးပွဲတော် နှစ်သစ်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကာ နှုတ်ခွန်းဆက်စကားပြောကြားသည်။(အောက်ပုံ)**





ထိုသို့ပြောကြားရာတွင် ဒုတိယသမ္မတက မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်တို့သည် ရှေးနှစ်ပေါင်းများစွာကပင် အေးအတူ၊ ပူအမျှနေထိုင်လာကြပြီး နှစ်သစ်ကူးကို ပုံစံအမျိုးမျိုးဖြင့် ကြိုဆိုကြပါကြောင်း၊ နှစ်ဟောင်းက ရရှိသည့်သင်ခန်းစာဖြင့် နှစ်သစ်တွင်အောင်မြင်အောင် စိတ်သစ်၊ လူသစ်၊ စိတ်ကူးသစ်၊ ဆုံးဖြတ်ချက်အသစ်စသည့်အသစ်၊ အသစ်ပေါင်းများစွာ၊ မျှော်လင့်ချက်များစွာနှင့်အတူ ကူးပြောင်းကြပါကြောင်း။

ယခုကျင်းပသည့် လားရှိုးမြို့ ရှမ်းနှစ်သစ်ကူးပွဲတော်ကို ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့က ဦးဆောင်ကျင်းပခြင်း

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

## သဘာဝဓာတ်ငွေ့များ ပုံမှန်ပြန်လည်ဖြန့်ဖြူးပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၃**

ရွာမ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံအတွင်း အသစ်ထပ်မံတည်ဆောက်လျက်ရှိသည့် EGAT သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်နှစ်လုံးသို့ သဘာဝဓာတ်ငွေ့ဖြန့်ဖြူးပေးနိုင်ရန်အတွက် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဆက်သွယ်ချိတ်ဆက်ခြင်းလုပ်ငန်းများအား စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ပြီးစီးခဲ့ပြီး သဘာဝဓာတ်ငွေ့များ ပုံမှန်ပြန်လည် ဖြန့်ဖြူးပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အင်အားအနည်းငယ်ရှိ ငလျင်လှုပ်

**နေပြည်တော် ဒီဇင်ဘာ ၃**

ယနေ့ ညနေ ၄ နာရီ ၃၂ မိနစ် ၄၄ စက္ကန့်တွင် မန္တလေးမြေငလျင်စခန်းမှ မြောက်ဘက် မိုင် ၇၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (သပိတ်ကျင်းမြို့၏ မြောက်-အရှေ့မြောက်ဘက် ခုနစ်မိုင်ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်(ခ်ျ)တာစကေး ၄ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

# စလင်းမြို့နယ် လင်းဇင်းရေလွှဲဆည်ရေအကျိုးကြောင့် တောင်သူလယ်သမားများ ဝင်ငွေနှစ်ဆတိုး

နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်းတာတမံအသစ်များ တည်ဆောက်ပေးသလို တည်ဆောက်ပြီး ဆည်ရေသောက်စနစ် ပြုပြင်ခြင်းလုပ်ငန်းများကိုလည်း အကြီးစားပြုပြင်ပေးလျက်ရှိသည်။ မကွေးတိုင်းဒေသကြီးအတွင်းရှိ လင်းဇင်းဆည်ရေသောက်စနစ် ခေတ်မီစွာ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ စတင်ပြုပြင်ဆောင်ရွက်ခဲ့သည်။ လင်းဇင်းဆည်ရေသောက်စနစ် ပြုပြင်ရာတွင် စလင်းမြောင်းမကြီး ပြုပြင်ခြင်း၊ အရှည်ဆုံး မိုင်လက်တံမြောင်းနှစ်ခု ပြုပြင်ခြင်း၊ အရှည် ၃ ဒသမ ၃၀ မိုင် မိုင်နာမြောင်းလေးခု ပြုပြင်ခြင်း၊ အရှည် ၄ ဒသမ ၂၀ မိုင်နှင့် စလင်းမြောင်းမကြီးအရှည် ၁၇ မိုင်၊ လက်တံမြောင်း ၁၀ ခုပြုပြင်ခြင်း အရှည် ၃၃ ဒသမ ၃၀ မိုင်၊ လင်းဇင်းရေလွှဲဆည်အထက် သဲနုန်းတူးဖော်ခြင်း ကျင်းပေါင်း ၃၆၇၁၆၀၊ ဆည်အထက် သဲနုန်းတူးဖော်ခြင်း ၂၁၇၇၈ ကျင်း၊ ရေထုတ်မြောင်း ၁၂ ခု အရှည် ၃၂ ဒသမ ၆၀ မိုင် တူးဖော်ခြင်းလုပ်ငန်းများ လုပ်ဆောင်ခဲ့သည်။ ကျန်ရှိသည့် လက်တံမြောင်းသုံးခုအရှည် ၁၀ ဒသမ ၀၃ မိုင်၊ မိုင်နာမြောင်းလေးခုပြုပြင်ခြင်း အရှည် ၂ ဒသမ ၆၁ မိုင်နှင့် စလင်းမြောင်းမကြီး မြေနီကျောက်စရစ်ခင်းခြင်း အရှည်မိုင် ၂၀ တို့ကိုလည်း ဆက်လက် ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်သည်။

လင်းဇင်းဆည်ရေသောက်စနစ် ခေတ်မီစွာပြန်လည်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ခဲ့သည့်အတွက် ရေစီးရေလာတိုးတက်ကောင်းမွန်လာသည်။ ထို့ကြောင့် ၂၀၁၂ ခုနှစ်တွင် မိုးစပါး ဧက ၃၂၉၈၀ စိုက်ပျိုးနိုင်ခဲ့ရာမှ ၂၀၁၃ ခုနှစ်တွင် မိုးစပါး ၃၄၃၂၁ ဧက စိုက်ပျိုးရန် လျာထားသဖြင့် မိုးစပါး ဧက ၁၃၄၀ တိုးချဲ့စိုက်ပျိုးနိုင်မည်ဖြစ်သည်။ ယခု ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း လင်းဇင်းဆည်ရေသောက်စနစ်ကို ဆက်လက်ပြုပြင် ဆောင်ရွက်သွားမည်ဖြစ်ရာ ဆောင်ရွက်ပြီးစီးပါက စိစစ်ဧရိယာ ၃၄၃၃၂ ဧက အပြည့်အဝ စိုက်ပျိုးနိုင်မည့်အပြင် ယာမြေ ဧက ၂၀၀၀ ကျော်ကိုလည်း လယ်မြေအဖြစ် ပြောင်းလဲစိုက်ပျိုးလာနိုင်မည်ဖြစ်သည်။

လင်းဇင်းရေလွှဲဆည် ရေသောက်စနစ်အတွင်းရှိ ကျေးရွာအုပ်စု

**စာမျက်နှာ ၃ ကော်လံ ၄ သို့ ○**



တင်လှိုင်-မိတ္ထီလာ




☆ ရှေ့ဖုံးမှ

ဖြစ်ပြီး နှစ်သစ်ကူးပွဲတော်ကို ၁၉၉၆ ခုနှစ်က စတင်ကျင်းပခဲ့ရာ ယခုဆိုလျှင် ၁၇ နှစ်ရှိပြီ ဖြစ်ပါကြောင်း၊ ခေတ်စနစ်၏ပြောင်းလဲမှုရလဒ်ကို မိဘပြည်သူများ သိရှိပြီးဖြစ်ပါကြောင်း၊ ယနေ့ခေတ်သည် အများအကျိုး သယ်ပိုးဆောင်ရွက်သူများကို ရှေ့တန်းတင်သည့် ခေတ်ဖြစ်ပါကြောင်း၊ ပြည်သူများ၏ဆန္ဒနှင့်အညီ အရည်အချင်းရှိသူ၊ ကိုယ်ကျိုးစွန့်သူ၊ ဒေသကို ဦးဆောင်ဦးရွက်ပြုနိုင်မည့်သူကို ရွေးချယ်နိုင်ပြီဖြစ်ပါကြောင်း၊ ယနေ့ကာလကိုကြည့်လျှင် ငြိမ်းချမ်းရေးအတွက် အတော်အသင့်ခရီးရောက်နေပြီဖြစ်ပြီး မကြာမီကာလတွင် ထာဝရငြိမ်းချမ်းရေး ရရှိလိမ့်မည်ဟုမျှော်လင့်နေကြပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် ငြိမ်းချမ်းရေးနှင့်အတူ ရရှိလာသည့်လွတ်လပ်မှု အသစ်ပေါင်းများစွာနှင့်အတူ နိုင်ငံတကာအဆင့်မီသည့် လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေနိုင်သော နှစ်သစ်မင်္ဂလာဖြစ်ပါစေဟု အလေးအနက် ဆန္ဒပြုအပ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ရိုးရာယဉ်ကျေးမှုပဒေသာကပွဲနှင့် ဌာနဆိုင်ရာပြခန်းများ၊ ယဉ်ကျေးမှုပြခန်းများကို ကြည့်ရှုအားပေးကာ ဒေသခံများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

ရှမ်းနှစ်သစ်ကူးပွဲကို သာသနာတော်နှစ် ၄၅၀ တွင် စတင်ကျင်းပလာခဲ့ကြောင်း၊ ရှမ်းနှစ်သစ်ကူးနေ့ကို မြန်မာပြက္ခဒိန်အားဖြင့် နတ်တော်လဆန်း ၁ ရက်နေ့ကို သတ်မှတ်ထားကြောင်း၊ နှစ်သစ်ကူးရိုးရာပွဲတွင် နှစ်သစ်ကိုကြိုဆိုခြင်း၊ နှစ်သစ်ကောင်းမှုကုသိုလ်ပြုခြင်း၊ နှစ်သစ်ကောက်သစ်စားခြင်း၊ နှစ်သစ်ရိုးရာ ပျော်ရွှင်မှုတို့ဖြင့် ရိုးရာပွဲများ ကျင်းပဆင်နွှဲကြကြောင်း၊ နှစ်သစ်ကူးခြင်းသည် လူတစ်ဦးချင်းစီ၏စိတ်တွင်း၌ အမြဲသစ်လွင် စိမ့်ဝင်စေခြင်းဖြင့် မိသားစုမှ ရပ်ကွက်၊ ရပ်ကွက်မှမြို့နယ်၊ မြို့နယ်မှပြည်နယ်အဆင့်ဆင့် ဖြန့်ကြက်ပွားများစေသင့်သည်ဟု မှတ်ယူအပ်ကြောင်းသိရသည်။

ထို့ပြင် ဒုတိယသမ္မတသည် ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော် လိုဏ်ဂူအတွင်း ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်ပြီး သံဃာတော်အပါး ၅၀ အား နှစ်သစ် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း သီရိမင်္ဂလာမန်ဆူရှမ်းကျောင်း၌ မိုင်းရယ်၊ သိန်းနီနှင့်လားရှိုးမြို့တို့မှ ဆေးဝါးလာရောက်ကုသသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစဉ်။ (သတင်းစဉ်)

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် ပြည်သူ့ဆေးရုံ၌ မျက်စိခွဲစိတ်ကုသမှုခံယူခဲ့သော လူနာများအား ကြည့်ရှုအားပေးခဲ့ပြီး လားရှိုးပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီးက ပြည်သူ့ဆေးရုံဝန်ထမ်းအိမ်ရာ တိုးချဲ့ဆောက်လုပ်ရန် လျာထားမှုများကို မြန်မာနိုင်ငံဆရာဝန်အသင်း(လားရှိုး) ခန်းမဆောင်၌ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်အပေါ် ဒုတိယသမ္မတက နိုင်ငံတော်အနေဖြင့် ပညာရေးနှင့် ကျန်းမာရေးအသုံးစရိတ်များကို ယခင်ကထက်ပိုမိုတိုးမြှင့်ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ ကျန်းမာရေးကဏ္ဍကိုကြည့်မည်ဆိုလျှင် ယခင်ကထက် လေးဆခန့်ပိုမိုခွင့်ပြုပေးခဲ့သော်လည်း အသုံးစရိတ်လိုအပ်ချက်များ ရှိနေဆဲဖြစ်သည်ကို သိရှိရပါကြောင်း၊ ယမန်နှစ်က ဆေးဝါးအမြောက်အမြားဝယ်ယူထားပြီးဖြစ်သည့်အတွက် ဆေးဝါးလုံလောက်မှုရှိလာသော်လည်း ဆေးရုံအဆောက်အအုံများအတွက် အသုံးစရိတ်လိုအပ်နေဆဲဖြစ်ပါကြောင်း၊ ဤဆေးရုံကြီးရှိ ဝန်ထမ်းအိမ်ရာများတွင် ဝန်ထမ်းအင်အား၏ သုံးပုံတစ်ပုံခန့်ကိုသာ နေရာချထားပေးနိုင်ပြီး အိမ်ရာများ၏ သက်တမ်းသည်လည်း နှစ်ကာလကြာမြင့်နေပြီဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် အချို့ကို မွမ်းမံပြင်ဆင်၍ အချို့ကို အသစ်ဆောက်လုပ်နိုင်ရန် စီမံချက်ချဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နောင်တိုင်းပြည် စီးပွားရေး ပိုမိုတိုးတက်လာပါက ယခုထက်ပိုမိုတိုးတက်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အပိုင်းကမူ တတ်နိုင်သမျှ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ ဒုတိယသမ္မတသည် သီရိမင်္ဂလာမန်ဆူရှမ်းကျောင်း၌ မျက်စိ၊ သွားနှင့်နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကုသပေးနေမှုကို ကြည့်ရှုအားပေးကာ မိုင်းရယ်၊ သိန်းနီနှင့် လားရှိုးမြို့တို့မှ ဆေးဝါးလာရောက်ကုသသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးခဲ့သည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတသည် နားမခေါ် အဆင့်မြင့်အဝေးပြေးယာဉ်ရပ်နားစခန်း စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ လားရှိုးမြို့ မြို့ကွက်သစ်အမှတ်(၁) စီမံကိန်းဖော်ထုတ်ဆောင်ရွက်မှုများနှင့် ပတ်သက်၍ ခရိုင်အုပ်ချုပ်ရေးမှူးက ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က ဖြည့်စွက်တင်ပြကာ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် မြို့ကွက်သစ်ဖော်ထုတ်ထားမှုကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုခဲ့သည်။

**(သတင်းစဉ်)**

## သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာ ရှင်းလင်းဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၃**

မြန်မာနိုင်ငံတွင် ၁၉၈၃ ခုနှစ်နောက်ပိုင်း အကြောင်းအမျိုးမျိုးကြောင့် နှစ်ပေါင်း ၃၀ ကြာဆောင်ရွက်နိုင်ခဲ့ခြင်းမရှိသည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို ၂၀၁၄ ခုနှစ် မတ်လ ၃၀ ရက်မှ ဧပြီလ ၁၀ ရက်အထိ ၁၂ ရက်ကြာ ကောက်ယူမည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းစဉ်ကြီး အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ဗဟိုသန်းခေါင်စာရင်း ကော်မရှင်ဗဟိုကော်မတီ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ စသည့်ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်း၍ လုပ်ငန်းစဉ်(၄)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန်ရေးဆွဲမည့် စီမံကိန်းများအတွက် တိကျသောလူဦးရေ၊ ကိန်းဂဏန်း၊ အချက်အလက်များ ရရှိစေရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယင်းလုပ်ငန်းစဉ်၏ အကြိုအဖြစ် စမ်းသပ်သန်းခေါင်စာရင်းကို ယခုနှစ် မတ်လတွင် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မြို့နယ် ၂၀ ရွေးချယ်ကောက်ယူခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းစမ်းသပ်ကောက်ယူမှု အတွေ့အကြုံများ၊ လုပ်ငန်းအခက်အခဲများအပေါ် ပြုပြင်ပြင်ဆင်၍ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်အဆင့်တွင် အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်သူအားလုံးသည် သန်းခေါင်စာရင်း မေးခွန်းများကို ဖြေကြားပေးရန် တာဝန်ရှိသကဲ့သို့ ဖြေကြားသူများ၏ ဖြေကြားချက်များ လုံခြုံမှုရှိစေရေးအတွက် သန်းခေါင်စာရင်းဥပဒေက အကာအကွယ်ပေးထားပါကြောင်း၊ သန်းခေါင်စာရင်းကောက်ယူခြင်းသည် ပြည်သူများ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်၍ ပြည်သူအားလုံးက မေးခွန်းများကို မှန်မှန်ကန်ကန် ဖြေကြားကြစေလိုကြောင်း၊ သန်းခေါင်စာရင်းမေးခွန်းများသည် မိမိတို့နိုင်ငံ၏ လိုအပ်ချက်နှင့် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ကိုက်ညီရေးအတွက် စနစ်တကျပြုစုရေးဆွဲထားရာ စုစုပေါင်းမေးခွန်း ၄၁ ချက် မေးမြန်းသွားမည်ဖြစ်ကြောင်း၊ ယင်းမေးခွန်း ၄၁ ချက်ကို အိမ်ထောင်စုတစ်စုက မိနစ် ၃၀ခန့် မှန်မှန်ကန်ကန်ဖြေကြားခြင်းအားဖြင့် မိမိအကျိုး၊ မိမိ မိသားစုအကျိုး၊ မိမိရပ်ရွာအကျိုး၊ နိုင်ငံတော်အကျိုးရရှိခံစားရမည်ကို သိရှိနားလည်သဘောပေါက်ရန်လိုအပ်ကြောင်း၊ ယခုတက်ရောက်လာကြသူများက တစ်ဆင့်စကားဖြင့် အခြားသူများအား လက်ဆင့်ကမ်း ရှင်းလင်းပြောကြားခြင်းဖြင့် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်အပေါ် ပြည်သူအားလုံး သိရှိနားလည်ကြမည်ဖြစ်ကြောင်း၊ မေးမြန်းမှုများအပေါ် ပြည်သူအားလုံးက မှန်မှန်ကန်ကန်ဖြေကြားခြင်းဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရေးနှင့် အမျိုးသားရေးတာဝန်အဖြစ်ခံယူ၍ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရေး တိုက်တွန်းကြောင်း ဗဟိုသန်းခေါင်စာရင်းကော်မရှင် ဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက နိုဝင်ဘာ ၂၇ ရက် နံနက် ၉ နာရီခွဲတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာ ရှင်းလင်းပွဲတွင် အကျယ်တဝင့် ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့(UNFPA) ဌာနေကိုယ်စားလှယ် Ms.Janet E.Jackson က မြန်မာနိုင်ငံ၏ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်များအတွက် ကုလသမဂ္ဂမှ ပံ့ပိုးကူညီဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက မရှင်းလင်းသည့်အချက်များ၊ သိရှိလိုသည်များကို အသီးသီးမေးမြန်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ဒေသခံတိုင်းရင်းသားများ၊ ရပ်မိရပ်ဖများနှင့် တာဝန်ရှိသူများ၊ သတင်းမီဒီယာများအား တွေ့ဆုံ၍ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

○ စလင်းမြို့နယ်မှ

၄၂ အုပ်စု၊ ကျေးရွာပေါင်း ၁၁၆ ရွာမှ တောင်သူပေါင်း ၁၂၇၈၈ ဦး၊ လူဦးရေ ၇၁၈၈၂ ဦးတို့၏ လယ်ယာမြေများ စိုက်ပျိုးရေ အလုံအလောက်ရရှိလာကာ တောင်သူတစ်ဦးချင်း၏ ဝင်ငွေလည်း တိုးတက်မြင့်မားလာမည်ဖြစ်သည်။ မြောင်းပေါင်တစ်လျှောက် မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပေးသဖြင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများ၏ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာခြင်းကြောင့် ဒေသထွက်ကုန်များ ရောင်းဝယ်ဖောက်ကားမှု တိုးတက်ဖွံ့ဖြိုးလာသည်။ ဆည်ရေသောက်ဧရိယာအတွင်းရှိ ရေထုတ်မြောင်းများ ပြန်လည်တူးဖော်ခြင်းကြောင့် လယ်ယာမြေများ ရေနစ်မြုပ်ခြင်းမှ ကင်းဝေးကာ စပါးလည်း အထွက်တိုးလာသည်။

လင်းဇင်းရေလွှဲဆည် ပြန်လည်ပြုပြင်လိုက်သဖြင့် တောင်သူလယ်သမားများ မိုးစပါး၊ နွေစပါး အပြင် အခြားသီးနှံများလည်း စိုက်ပျိုးနိုင်သဖြင့် တစ်နှစ်သုံးသီးစားဘဝ ရောက်ရှိကာ ဝင်ငွေနှစ်ဆတိုးလာသဖြင့် တောင်သူများ ဝမ်းသာပျော်ရွှင်နေကြသည်။ ဆည်ရေသောက်စနစ် ပြုပြင်လိုက်သဖြင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်လာပြီး လူနှင့် ကျွဲနွားတိရစ္ဆာန်များအတွက် သောက်သုံးရေ ပိုလျှံစွာရရှိနေပြီဖြစ်သည်။ ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ကောင်းမွန်လာပြီး တောင်သူတစ်ဦးချင် ဝင်ငွေတိုးတက်လာကြောင်း သိရသည်။

## ရန်ကုန်ဇုန်ရှိ မြန်မာအားကစားအဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တွေ့ဆုံမှာကြား

**ရန်ကုန် ဒီဇင်ဘာ ၃**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ ရန်ကုန်ဇုန်၌ ကျင်းပပြုလုပ်မည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင် မြန်မာအားကစားအဖွဲ့အား တွေ့ဆုံသည်။

အခမ်းအနားသို့ ရန်ကုန်မှဝင်ရောက်ယှဉ်ပြိုင်မည့် ဘောလုံး၊ ဟော်ကီ၊ နပန်း၊ ကာယကြံ့ခိုင်မှု၊ ကမ်ပို၊ သေနတ်ပစ်နှင့်အလေးမ အားကစားနည်း ခုနစ်မျိုးမှ တာဝန်ခံများ၊ အုပ်ချုပ်သူနည်းပြများ၊ အားကစားသမားများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ယခုပြိုင်ပွဲမှာ နိုင်ငံတကာပြိုင်ပွဲကြီးဖြစ်၍ နိုင်ငံတော်၏ဂုဏ်သိက္ခာကို ထိခိုက်စေမည့် ကိစ္စရပ်များအားလုံးကို နိုင်ငံချစ်စိတ်ဖြင့် ရှောင်ရှားကြရန်၊ ပြိုင်ပွဲဝင်အားကစားသမားများအနေဖြင့် ပြိုင်ပွဲတိုင်းတွင် အနိုင်ရရှိရေး၊ ရေကုန်ရေခန်း အားကြိုးမာန်တက်ယှဉ်ပြိုင်ကြရန် မှာကြားသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အထွေထွေအတွင်းရေးမှူး မြန်မာ့အားကစားအောင်နိုင်ရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးသောင်းထိုက်က LO/VO/Work force များအနေဖြင့် ယူနီဖောင်းဝတ်စုံအပြည့်ဖြင့် သပ်သပ်ရပ်ရပ်ဝတ်စားဆင်ယင်၍ နိုင်ငံတကာ၏အလယ်မှာ နိုင်ငံ့ဂုဏ်၊ အမျိုးဂုဏ်ကို ဖော်ဆောင်နိုင်အောင် ဝိုင်းဝန်းကြိုးစားကြစေရန်၊ နိုင်ငံတကာမှ အားကစားသမားများအား မြန်မာလူမျိုးများ၏ ယဉ်ကျေးသိမ်မွေ့မှု၊ ဖော်ရွေမှု၊ ကူညီစောင့်ရှောက်မှု၊ကိုယ်ကျင့်တရားမြင့်မားမှုတို့ကို ပြသကြရန်မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏဝင်းအတွင်းရှိ အားကစားပွဲတော်အထိမ်းအမှတ် အမှတ်တရပစ္စည်းဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ ဈေးရောင်းပွဲတော်ကို ဒီဇင်ဘာ ၃ ရက်မှ ၇ ရက်အထိ နံနက် ၉ နာရီမှ ည ၉နာရီအထိ ရောင်းချပေးသွားမည်ဖြစ်ရာ မည်သူမဆိုလွတ်လပ်စွာ ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကင်ဂျုံအန်၏ ဦးလေးတော်စပ်သူအား ရာထူးတာဝန်များမှ ထုတ်ပယ်လိုက်ဟုဆို

**ဆိုးလ် ဒီဇင်ဘာ ၃**

မြောက်ကိုရီးယားနိုင်ငံ ခေါင်းဆောင် ကင်ဂျုံအန်၏ ဦးလေးတော်စပ်ပြီး ယင်းနိုင်ငံတွင်း၌ နိုင်ငံရေးအရ တန်ခိုးအာဏာကြီးမားသူအား ၎င်း၏ရာထူးတာဝန်များမှ ထုတ်ပယ်လိုက်ကြောင်း တောင်ကိုရီးယားသတင်းဌာနများ၏ ယနေ့ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

အသက်(၆၇)နှစ်အရွယ်ရှိ ချန်ဆောင်သရတ်သည် မြောက်ကိုရီးယားနိုင်ငံ၏ အဆင့်မြင့်ဆုံး စစ်ဘက်ဆိုင်ရာအဖွဲ့၏ ဒုတိယအကြီးအကဲရာထူးကို စွန့်လွှတ်ခဲ့ရကြောင်း တောင်ကိုရီးယားထောက်လှမ်းရေးအဖွဲ့က ပြောကြားသည်။

၎င်းနှင့်အနီးစပ်ဆုံး လက်ထောက်နှစ်ဦးမှာ အကျင့်ပျက်ခြစားမှုများ ကျူးလွန်ခဲ့ခြင်းကြောင့် ကွပ်မျက်ခြင်းခံရကြောင်းလည်း သတင်းများ၌ ဖော်ပြသည်။ ယင်းသတင်းဖော်ပြချက်များက အတည်ဖြစ်ပါက မစ္စတာကင်ဂျုံအီလ်ထံမှ အရိုက်အရာဆက်ခံခဲ့သည့် လက်ရှိခေါင်းဆောင် ကင်ဂျုံအန်လက်ထက်တွင် မစ္စတာချန်သည် မြောက်ကိုရီးယားနိုင်ငံအား ဦးဆောင်မှုပေးနေသည့် အဆင့်အမြင့်ဆုံးအဖွဲ့အစည်းကြီးမှ ဖယ်ရှားခံရသော ရာထူးအကြီးဆုံး ပုဂ္ဂိုလ်ဖြစ်မည်ဟု မြောက်ကိုရီးယားနိုင်ငံအရေး လေ့လာစူးစမ်းသူများက ပြောကြားသည်။

လက်ရှိမြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ကွယ်လွန်သူ မြောက်ကိုရီးယားခေါင်းဆောင်နှင့် ၎င်း၏ဖခင်ဖြစ်သူ ကင်ဂျုံအီလ်၏ အရိုက်အရာကို ၂၀၁၁ ခုနှစ်တွင် လွှဲပြောင်းရယူခဲ့သူဖြစ်သည်။

မစ္စတာချန်သည် ကွယ်လွန်သူ မြောက်ကိုရီးယား ခေါင်းဆောင်ဟောင်း ကင်ဂျုံအီလ်၏ နှမဖြစ်သူနှင့် လက်ဆက်ခဲ့ပြီး မြောက်ကိုရီးယားနိုင်ငံအား စူးစမ်းလေ့လာသူအချို့၏အဆိုအရ လက်ရှိခေါင်းဆောင်ကင်ဂျုံအန်၏ နောက်ကွယ်၌ အာဏာများကို ချုပ်ကိုင်ထားသူဟုဆိုသည်။

**ဘီဘီစီ။**





မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် ဦးလေးတော်စပ်သူ ချန်ဆောင်သရတ်တို့အား တွေ့ရစဉ်။

# အာဖဂန်နစ္စတန်တောင်ပိုင်းတွင် ပေါက်ကွဲမှုဖြစ်ပွား လူနှစ်ဦးသေဆုံး၊ ၁၀ ဦးဒဏ်ရာရရှိ

**လက်ရှ်ကာဂါ့ရ် ဒီဇင်ဘာ ၃**

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဟဲလ်မန့်ပြည်နယ် မာဂျားခရိုင်တွင် ဒီဇင်ဘာ ၃ ရက်က အင်အားပြင်းဗုံးတစ်လုံး ပေါက်ကွဲမှုကြောင့် အရပ်သားနှစ်ဦးသေဆုံးကာ ၁၀ ဦးဒဏ်ရာရရှိသွားကြောင်း ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့မှ ပြောခွင့်ရပုဂ္ဂိုလ် အိုဖာဇာဝက်စ်က ပြောကြားသည်။

ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲခန့်က မာဂျားခရိုင် မာဂျားမြို့ရှိ ဈေးအတွင်းဖောက်ခွဲရေးပစ္စည်းကို မော်တော်ဆိုင်ကယ်ပေါ်တင်၍ စစ်သွေးကြွများက ဖောက်ခွဲလိုက်ခြင်းဖြစ်ကြောင်း ဇာဝပ်စ်က ပြောကြားသည်။

အဆိုပါဖောက်ခွဲမှုသည် စစ်သွေးကြွများက ရဲတပ်ဖွဲ့၏ အလုံပိတ်ကားတစ်စီးကိုပစ်မှတ်ထား၍ မော်တော်ဆိုင်ကယ်ပေါ်မှဗုံးကို အဝေးထိန်းကိရိယာဖြင့်ဖောက်ခွဲလိုက်ခြင်းဖြစ်ကြောင်း အမည်မဖော်လိုသူတစ်ဦးက ပြောကြားသည်။ **ဆင်ဟွာ။**

# တရုတ်ပိုင် အီတလီအထည်ချုပ်စက်ရုံ မီးလောင်၊ ခုနစ်ဦးသေဆုံး

**ရောမ ဒီဇင်ဘာ ၃**

အီတလီနိုင်ငံ ပရာတိုမြို့ စက်မှုဇုန်တစ်ခု၌ တနင်္ဂနွေနေ့တွင် တရုတ်နိုင်ငံသားပိုင် အထည်ချုပ်စက်ရုံတစ်ရုံ မီးလောင်ရာ အနည်းဆုံး ခုနစ်ဦးသေဆုံး၍ သုံးဦးဒဏ်ရာရရှိကြောင်း၊ သေဆုံးသူများမှာ အဆောက်အအုံအပေါ်ထပ်တွင် ရရာပစ္စည်းများဖြင့် ဖန်တီးထားသော အိပ်ခန်းတစ်ခုအတွင်း ပိတ်မိလျက်ရှိသော အလုပ်သမားများဖြစ်ကြောင်း ဒီဇင်ဘာ ၁ ရက် ရိုက်တာသတင်းတွင် ဖော်ပြသည်။

အထည်ချုပ်စက်ရုံများ ပေါများခြင်းကြောင့် ကျော်ကြားသော မာကရိုလေ့တိုစက်မှုဇုန်ရှိ ဂိုဒေါင်တစ်လုံးအပေါ်၌ ကတ်ထူပြားများဖြင့် အိပ်ခန်းများ အများအပြားပြုလုပ်ထားသည်။ အဆိုပါသေဆုံး၊ ဒဏ်ရာရအလုပ်သမား ၁၁ ဦးမှာ ယင်းအိပ်ခန်းများတွင် နေထိုင်ကြသူများဖြစ်သည်ဟု ဒေသဆိုင်ရာမီဒီယာများက ဖော်ပြသည်။

အီတလီနိုင်ငံ၏ အလယ်ပိုင်းနှင့် မြောက်ပိုင်းတို့၌ တရားမဝင်အလုပ်ခန့်ထားမှုများအမှန်ပင်ကြီးမားစွာရှိနေသည်ကို အသိအမှတ်ပြုရမည်။ သို့အတွက် ၎င်းတို့မှာ အရှက်တကွဲဖြစ်ရပြီဟု ထူ(စ်)ကာနီဒေသ အကြီးအကဲ အင်ရီကိုရော့စီက ပြောကြားသည်။

ယင်းမီးလောင်မှုကြောင့် တရုတ်ပိုင် အထည်ချုပ်လုပ်ငန်း အများအပြားရှိသော အဆိုပါစက်မှုဇုန်၏လုပ်ငန်းကွန်ရက်နှင့် လုပ်ငန်းခွင်အခြေအနေကို ချက်ချင်းမေးခွန်းထုတ်ရသည်။

ဖလိုရင်နှင့် ပရာတို့အကြား စက်မှုဇုန်တွင် ရာပေါင်းများစွာသော အလုပ်သမားများသည် ကျေးကျွန်များနီးပါးနေထိုင်လုပ်ကိုင်ကြရကြောင်းကို နှစ်များစွာကတည်းက လူတိုင်းသိရှိပြီးဖြစ်ကြသည့်အတွက် မည်သူမျှအံ့သြမှုမဖြစ်ကြောင်း ဖလိုရင်ပရာတို အလုပ်သမားသမဂ္ဂမှ တာဝန်ရှိသူက ပြောကြားသည်။ **ရိုက်တာ။**

# မလေးရှားနိုင်ငံတွင် ရေလွှမ်းမိုးမှုဖြစ်ပွား လူ ၅၀၀၀ ကျော် ဘေးလွတ်ရာ ရွှေ့ပြောင်းကြရ

**မလေးရှား ဒီဇင်ဘာ ၃**

မလေးရှားနိုင်ငံ ပါဟန်းပြည်နယ်တွင် ရေလွှမ်းမိုးမှုများဖြစ်ပွားလျက်ရှိရာ ခရိုင်လေးခုတွင်နေထိုင်သော ပြည်သူ ၅၀၀၀ ကျော်အား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးလိုက်ရကြောင်း ဒီဇင်ဘာ ၃ ရက်သတင်းတွင် ဖော်ပြသည်။

အဆိုပါခရိုင်လေးခုမှာ ရွှမ်းပင်၊ ကူရန်တန်၊ ပီကန်နှင့် မာရန်းတို့ဖြစ်ကြောင်း၊ ထိုစဉ်အတွင်း ဂျိုဟိုးပြည်နယ်ရှိ ယာယီကယ်ဆယ်ရေးစခန်းတွင်လည်း ရေလွှမ်းမိုးဒဏ်ခံရသော ဒေသခံပြည်သူ ၁၀၃၅ ဦးကို လက်ခံထားရှိဆဲဖြစ်ကြောင်း၊ ပါဟန်းပြည်နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

၎င်းရေဘေးဒုက္ခသည်များမှာ ကျေးရွာ ၁၆ ရွာမှ ဒေသခံများဖြစ်ကြသည်။ ဒီဇင်ဘာ ၂ ရက်ညပိုင်းက မိုးရွာသွန်းမှုကြောင့် ဒီရေတက်လာကာ ရေမျက်နှာပြင် ၃ ဒသမ ၃ မီတာအထိရောက်ရှိလာကြောင်း၊ မိုးရွာသွန်းမှုအခြေအနေကိုစောင့်ကြည့်ကာ ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ကိုင်ရန် အသင့်ပြင်ဆင်ထားကြောင်း တာဝန်ရှိပုဂ္ဂိုလ်များ၏ ပြောကြားချက်ကို သတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ။**



မလေးရှားနိုင်ငံမှ ရေဘေးသင့်မြင်ကွင်း။











# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာလွှတ်တော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ဂျပန်နိုင်ငံချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိ



**နေပြည်တော် ဒီဇင်ဘာ ၃**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းခေါင်းဆောင်သော မြန်မာလွှတ်တော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဂျပန်နိုင်ငံလွှတ်တော် House of Representative ဥက္ကဋ္ဌ Hon. Mr. Bunmei IBUKI ၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

ပြည်ထောင်စုလွှတ်တော် နာယကနှင့်အတူ ဇနီး ဒေါ်ခင်လေးသက်၊ လွှတ်တော်ရေးရာကော်မတီ ဥက္ကဋ္ဌများဖြစ်ကြသော ဦးဌေးဦး၊ ဦးမောင်မောင်သိမ်း၊ သူရဦးအောင်ကို၊ ဦးလှမြင့်ဦး၊ ဦးဌေးမြင့်၊ ဦးအောင်ထွန်း၊ ဒေါက်တာခင်ရွှေနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာခဲ့ကြသည်။

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီးနှင့် အဖွဲ့သည် ဒီဇင်ဘာ ၂ ရက် ညနေ ၆ နာရီခွဲတွင် ဂျပန်နိုင်ငံလွှတ်တော်ဥက္ကဋ္ဌအိမ်တော်၌ ဂျပန်နိုင်ငံလွှတ်တော် House of Representative ဥက္ကဋ္ဌ Hon. Mr. Bunmei IBUKI နှင့် ဇနီးတို့က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

အလားတူ ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့အား ဒီဇင်ဘာ ၁ ရက် ညပိုင်းတွင် တိုကျိုမြို့ရှိ Hotel New Otani ၌ ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ဇနီး H.E. Mrs. Akie ABE က ညစာစားပွဲဖြင့် တည်ခင်း ဧည့်ခံခဲ့သည်။

အဆိုပါ ညစာစားပွဲအခမ်းအနားသို့ Asia Business Leader Association မှ ဥက္ကဋ္ဌ Mr. Sawada HIDEO နှင့်အဖွဲ့ဝင်များလည်း တက်ရောက်ခဲ့ကြသည်။

ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့သည် ဂျပန်နိုင်ငံစီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနဝန်ကြီး H.E. Mr. Toshimitsu Motegi နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့သည် ဂျပန်နိုင်ငံ KEIDANREN ဥက္ကဋ္ဌ Mr. Yonekura ဦးဆောင်သော KEIDANREN ကုမ္ပဏီများအုပ်စုမှ အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် လည်းကောင်း၊ ဂျပန်နိုင်ငံ ပြည်ပကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (JETRO) မှ ဥက္ကဋ္ဌနှင့် CEO ဖြစ်သူ Mr. Hiroyuki ISHIGE ဦးဆောင်သော JETRO အဖွဲ့ဝင်ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်လည်းကောင်း တွေ့ဆုံပြီး မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်လုပ်ငန်းပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအလှူငွေပေးအပ်ပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၃**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှသည် ဒီဇင်ဘာ ၃ ရက် ညနေ ၅ နာရီတွင် စစ်တွေမြို့နယ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအလှူငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးသူရသက်ဆွေနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကိုကိုနိုင်နှင့်ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့မှတာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများတက်ရောက်ကြသည်။



**တပ်မတော်(ကြည်း/ရေ/လေ)မိသားစုများကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးသူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလှမင်းတို့က အလှူငွေကျပ်သိန်း ၅၀၀ ပေးအပ်လှူဒါန်းစဉ်။** (မြဝတီ)

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံသည် ပြည်ထောင်စုနိုင်ငံဖြစ်ပြီး တိုင်းရင်းသားလူမျိုးများသည် တစ်မိုးအောက်တွင် တစ်မြေတည်းနေ တစ်ရေတည်းသောက်၍ ညီအစ်ကိုမောင်နှမများသဖွယ် နေထိုင်ခဲ့ကြောင်း၊ ရခိုင်ပြည်နယ်သည် သမိုင်းအစဉ်အလာအားဖြင့် အေးချမ်းသာယာသည့်နယ်မြေဖြစ်ကြောင်း၊ ယခင်ခေတ်အဆက်ဆက် အစိုးရများကလည်း ရခိုင်ပြည်နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးခဲ့ကြကြောင်း၊ တပ်မတော်အစိုးရကာလတွင်လည်း ရခိုင်ပြည်နယ်အတွက် အဓိကခက်ခဲမှုဖြစ်သည့် လမ်းပန်းဆက်သွယ်မှုအတွက် များစွာဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခင်က စိတ်ကူးမျှသာရှိပြီး မဆောင်ရွက်နိုင်သည့် ပဒန်း-အမ်း-စစ်တွေ ကားလမ်း၊ အမ်း-မအီ-ကျောက်ဖြူကားလမ်းများအား ဘီလီယံများစွာ ရင်းနှီးသုံးစွဲ၍ အခြေခံအားဖြင့် တည်ဆောက်ပေးခဲ့သူဖြစ်သဖြင့် ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလားတူ ရခိုင်ပြည်နယ်အတွင်း ပညာရည်မြှင့်တင်ရေးအတွက် တက္ကသိုလ်၊ ကောလိပ်များ တည်ဆောက်ပေးခဲ့ပြီဖြစ်၍ အကျိုးရှိစွာ အသုံးချရန်လိုအပ်ကြောင်း၊ ယခု အလှူငွေပေးအပ်ပွဲမှာလည်း ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထားရှိကြသည့် စေတနာများကို ဖော်ပြနေကြောင်း၊ တပ်မတော်၏ အဓိကတာဝန်မှာ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်သကဲ့သို့ တိုင်းရင်းသားပြည်သူလူထု၏ အသက်အိုးအိမ်ကိုလည်း ကာကွယ်စောင့်ရှောက်လျက်ရှိပြီး ပြည်သူ့အကျိုးစီးပွားကို ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် ဒီမိုကရေစီလမ်းကြောင်းကို အမှန်တကယ်လိုလားစွာ လျှောက်လှမ်းနေပါကြောင်း၊ မိမိတို့၏ ရည်မှန်းချက်မှာ စုစည်းညီညွတ်တဲ့ ပြည်ထောင်စုကြီးကို တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်စေရန်ဖြစ်ကြောင်း၊ တစ်ဖက်မှ တည်ငြိမ်အေးချမ်းမှုရှိပါက တရားဥပဒေစိုးမိုးမှုရှိနိုင်မည်ဖြစ်ပြီး ယင်းကို အခြေခံ၍ စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်ပါက မျှော်မှန်းထားသည့် ဒီမိုကရေစီပန်းတိုင်ကို မယိမ်းမယိုင်ရောက်ရှိနိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်စိတ်တစ်ဒေသအားဖြင့် ပါဝင်ကူညီခွင့်ရှိသည့်အတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တပ်မတော်(ကြည်း/ရေ/လေ)မိသားစုများကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးသူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီးလှမင်းတို့က အလှူငွေကျပ်သိန်း ၅၀၀ ကို လည်းကောင်း၊ စီးပွားရေးဦးပိုင်လီမိတက်မှ ဘိလပ်မြေအိတ် ၃၀၀၀ ကို စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦးက လည်းကောင်း၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှ ဘိလပ်မြေအိတ် ၂၀၀၀ ကို တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်မင်းနိုင်ကလည်းကောင်း ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံသည်။

ထို့နောက် ကမ္ဘောဇကုမ္ပဏီလီမိတက်၊ ထူးထရေးဒင်းကုမ္ပဏီလီမိတက်၊ မက်စ်မြန်မာကုမ္ပဏီလီမိတက်၊ ဦးချစ်ခိုင် (ဒေဗ်ကုမ္ပဏီလီမိတက်)၊ ဦးကျော်ဟိန်း(ငြိမ်းအေး)ကုမ္ပဏီလီမိတက်နှင့် ဇေယျာထွန်း (အိုင်ဂျီအီးကုမ္ပဏီလီမိတက်) တို့က ကျပ်သိန်း ၁၀၀၀စီ၊ ဒေါက်တာနိုင်ထွဋ်အောင် (ဂိတ်ဝေးဂရုကုမ္ပဏီလီမိတက်)က ကျပ် ၁၀၀၈ သိန်း၊ ဦးလှမျိုး၊ ဦးစောငြိမ်း (အောင်မြင်သူအုပ်စု)ကုမ္ပဏီလီမိတက်နှင့် ဦးအောင်မျိုးမင်းဒင်တို့က ကျပ်သိန်း ၅၀၀ စီအပါအဝင် အလှူရှင်များက အလှူငွေများပေးအပ်ကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှက ရခိုင်ပြည်နယ်အမျိုးသမီးရေးရာအသင်းနှင့် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့အတွက် ထောက်ပံ့ငွေကျပ်သိန်း ၃၀ စီကို ပေးအပ်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အခမ်းအနားသို့တက်ရောက်လာသည့် ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများနှင့် ဧည့်ပရိသတ်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

အဆိုပါအခမ်းအနားတွင် တပ်မတော်(ကြည်း/ရေ/လေ)မိသားစုများအပါအဝင် စေတနာရှင်အလှူရှင်များက အလှူငွေစုစုပေါင်း ကျပ် ၈၆၂၈ သိန်းနှင့် ဘိလပ်မြေအိတ် ၅၀၀၀ ကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှဦးဆောင်သည့် အဖွဲ့သည် ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် ဇနီး၊ တာဝန်ရှိသူများနှင့်အတူ ညနေ ၄ နာရီတွင် စစ်တွေမြို့နယ် ဘိုးဘွားရိပ်သာသို့သွားရောက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က တပ်မတော်(ကြည်း/ရေ/လေ) မိသားစုများကိုယ်စား အလှူငွေကျပ်သိန်း ၃၀ ပေးအပ်ရာ ရခိုင်ပြည်နယ်ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဦးရွှေထွန်းအောင်က လက်ခံသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့သည် အဖွဲ့ဝင်များနှင့်အတူ လက်ဆောင်ပစ္စည်းများအား အဘိုးအဘွားများထံ ဂါရဝပြုလှူဒါန်းခဲ့ပြီး ကျန်းမာရေးကြောင့် မလာရောက်နိုင်သည့် သက်ကြီးအဘွားများထံသို့လည်း ကိုယ်တိုင်ကိုယ်ကျဂါရဝပြုလှူဒါန်းခဲ့ပြီး အဘိုးအဘွားများ၏ အိပ်ဆောင်၊ ထမင်းစားဆောင်နှင့် လူနာကုသဆောင်များသို့ လှည့်လည်ကြည့်ရှုခဲ့သည်။

စစ်တွေမြို့နယ် ဘိုးဘွားရိပ်သာတွင် သက်ကြီးအဘိုး ခုနစ်ဦးနှင့် သက်ကြီးအဘွား ၂၀ အဘိုး အဘွား စုစုပေါင်း ၂၇ ဦးတို့အား စောင့်ရှောက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်စောင့်ရှောက်ရေးဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်၊ တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်အား ကုလသမဂ္ဂလုံခြုံရေးကောင်စီ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာလုပ်ငန်းအဖွဲ့၏ဥက္ကဋ္ဌ မစ္စစ်ဆီးလ်ဗီးလူးကပ်စ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ကော်မတီဆောင်အမှတ်(၁)သို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ကလေးများ သင့်ထံမှ သင်ယူနေသည်

## ဒေါက်တာမောင်သင်း(မိတ္ထီလာတက္ကသိုလ်)

လူ့အဖွဲ့အစည်းရဲ့ကောင်းကျိုးကို သယ်ပိုးနိုင်တဲ့ ထက်မြက်တဲ့ဗီဇကောင်းတွေကို ပိုမိုတောက်ပြောင်အောင် ပြင်ပေး၊ သင်ပေးတာနဲ့အတူ လူ့အသိုင်းအဝိုင်းရဲ့ ဖွံ့ဖြိုးမှု၊ ငြိမ်းချမ်းမှု၊ သာယာမှုကို ဖျက်ဆီးမယ့် ဗီဇဆိုး၊ ဗီဇညံ့တွေ ဖြစ်တဲ့ အကျင့်ဆိုး၊ စရိုက်ဆိုးတွေ ပပျောက်အောင် တာဝန်ယူလေ့ကျင့်ပေးတဲ့လုပ်ငန်းကတော့ "ပညာရေး" ပါပဲ။ "ကိုယ့်အတွက်သာ ရှေ့တန်းတင်လွန်းတဲ့ အတ္တ ကျေးကျွန် ဘဝန္ဒတောထဲမှာ ပျော်မွေ့ပြီး အသိုင်းအဝိုင်းကို နိမ့်ကျအောင် ဖျက်ဆီးနေတဲ့ "မျိုးဖျက်စိတ်ဓာတ်"တွေ ကင်းပြီး နိုင်ငံနဲ့လူမျိုး "မျိုးဂုဏ်တက်စေမယ့်စိတ်ထားတွေ" ဖြည့်ပေးဖို့ဟာ ယနေ့မြန်မာ့ပညာရေးရဲ့ တာဝန်ပါပဲ။

ကျွန်တော်တို့ရဲ့ ပညာရေးဟာ တိုင်းပြည်အကျိုး၊ နိုင်ငံအကျိုး စွမ်းစွမ်းတမံသယ်ပိုးမယ့် နိုင်ငံသူ နိုင်ငံသားကောင်း(Good Citizen)နှင့် ဒီမိုကရေစီ ဘက်တော်သား(Good Democrat)မွေးထုတ်တဲ့ အမျိုးသားပညာရေးပါ။ ဒါပေမယ့် စံချိန်မီပညာရေးမဖြစ်ဘဲ အားနည်းတဲ့ ပညာရေးမျိုး ဖြစ်နေခဲ့ရင် " ခပ်ညံ့ညံ့စိတ်ထားပိုင်ရှင် မျိုးဆက်သစ်တွေဖြစ်လာမှာ စိုးရိမ်မိပါတယ်။ နိုင်ငံနှင့် လူမျိုးဂုဏ်တက်အောင်လုပ်ရမယ့် စိတ်ထားမရှိဘဲ မိမိ အကျိုးစီးပွားသာ ရှေ့တန်းတင်တဲ့သူဟာ ခပ်ညံ့ညံ့ စိတ်ထားပိုင်ရှင်တွေပဲ မဟုတ်ပါလား။ ပညာရေးဟာ ဘယ်နည်းနှင့်မျှ မျိုးဆက်ညံ့မွေးတဲ့ ပညာရေးမျိုးဆီ ဦးတည်လို့မဖြစ်ပါ။ ကျွန်တော်တို့ရဲ့ ပညာရေးဟာ ကိုယ့် အမျိုးကိုမြှင့်တင်လိုတဲ့ သခင်စိတ်ရှိသူများ လေ့ကျင့်ပေးတဲ့ "သခင်ပညာရေး"ပဲ ဖြစ်ရပါမယ်။ အဲဒီလိုဖြစ်ဖို့တော့ ပညာရေးရဲ့ရှေ့တန်းက ဗျူဟာကြွယ်တဲ့ ဉာဏ်တိုက်စစ်မှူး တွေဟာလည်း မြန်မာ့အသိုင်းအဝိုင်းက စံထားလောက်တဲ့ အနန္တဂိုဏ်းဝင် ဆရာတွေဖြစ်ဖို့ လိုပါတယ်။ မိဘများ ကလည်း မြန်မာ့အသိုင်းအဝိုင်းမြင့်မားအောင် သယ်ပိုး လိုစိတ်ပြင်းထန်သူများ ဖြစ်ရပါမယ်။

၁၉၈၅ မှ ၁၉၈၉ ထိ ကျွန်တော်ပညာသင်သွားခဲ့တဲ့ အနောက်ဂျာမနီနိုင်ငံ မားဘတ်မြို့ကလေးရဲ့ မီးပွိုင့် တွေမှာ စာတန်းလေးတစ်ခု ထိုးထားပါတယ်။ အဲဒီစာတမ်း လေးက "ကလေးများ သင့်ထံမှ သင်ယူနေပါတယ်၊ မီးစိမ်းမှ လမ်းဖြတ်ကူးပါ"တဲ့။ ကားတွေ တဝေါဝေါဖြတ်တဲ့လမ်းမှာ မီးမစိမ်းမီ လူကြီးတွေဖြတ်တာကြည့်ပြီး ကလေးတွေ ဖြတ်မိရင် ကားတိုက်ခံရမှာမို့ လမ်းစည်းကမ်းဥပဒေ မချိုးဖောက်ပါနဲ့၊ ကလေးတွေ အတုယူမှားရင် ကားတိုက် ခံရပြီး အသက်အန္တရာယ်ရှိတယ်လို့ ဆိုလိုတာပါ။ ကလေး တွေဆိုတာ သူ့ရဲ့အနီးစပ်ဆုံးအသိုင်းအဝိုင်းမှာရှိတဲ့ လူကြီး သူမတွေဆီက အမြဲသင်ယူနေကြသူများပါ။ အထူးသဖြင့် "မိဘနဲ့ဆရာသမား"တွေကို အမြဲစံထားအတုခိုးပါတယ်။

ကလေးတွေမှာ စိတ်ဓာတ်ကောင်းတွေ ပေါ်ထွန်း လာရန်အတွက် သူ့ရဲ့အနီးဆုံးပတ်ဝန်းကျင်က ကလေး တွေ စံထားတဲ့၊ နမူနာယူတဲ့ ကျွန်တော်တို့ လူကြီးမိဘ၊ ဆရာတွေကလည်း သူတို့အတုယူနိုင်လောက်တဲ့ လူကြီးတွေ (Role Model)ဖြစ်ရပါမယ်။ သတိထားရမယ့် အချက်က သားသမီးနဲ့ တပည့်တွေကို ပြုစုပျိုးထောင် လေ့ကျင့်ပေးနေတဲ့ ကျွန်တော်တို့ ဆရာ၊ မိဘတွေ ကိုယ်တိုင်က ကလေးတွေ အတုယူရာ၊ စံပြုရာ သူတို့ရဲ့ အနီးကပ်ဆုံး ခေါင်းဆောင်များဆိုတာပါပဲ။ ဒါကြောင့် ကျွန်တော်တို့မိဘ၊ ဆရာသမားတွေဟာ ပြည်သူ့နီတိ ပြည့်ဝ သူ၊ နိုင်ငံ့ကြီးသား စိတ်ထားကြွယ်ဝသူ၊ တာဝန်သိပြီး တာဝန်ကျေသူ၊ စည်းကမ်းကို လေးစားလိုက်နာသူနဲ့ စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်သူ ဖြစ်ရပါမယ်။ ဒါမှသာ နိုင်ငံ သားကောင်းရဲ့ "အထက်တန်းစားစံ"ကို ကျွန်တော်တို့ဆီက ကလေးတွေ ရကြမှာ။ ကျွန်တော်တို့က မိကောင်းဖခင်၊ ဆရာကောင်း ဆရာမြတ်နဲ့ နိုင်ငံသားကောင်းမပီသခဲ့ရင် ကျွန်တော်တို့ဆီက"အညံ့စားစံ"တွေပဲ ကလေးတွေရပြီး "အညံ့စံကို အားကျတဲ့ မျိုးဆက်သစ်တွေ"ပဲ ဖြစ်လာပါ လိမ့်မယ်ဆိုတာကို သတိထားရပါလိမ့်မယ်။

တကယ်တော့ ပညာရေးနဲ့ ယင်းကို စုစုဝေးဝေး အကောင်အထည်ဖော်နေတဲ့ "ကျောင်း"ဆိုတာ ဖတ်စာအုပ် ထဲက စာသာသင်တဲ့ ခပ်ညံ့ညံ့လုပ်ငန်းမဟုတ်ပါဘူး။ အနာဂတ်မှာ ပြည်သူ့နီတိကြွယ်ဝသူ၊ ကိုယ်ကျင့်တရား မြင့်မားသူ၊ ယဉ်ကျေးပျူငှာသူတွေ၊ ဘဝနောက်ခံ မတူသူတွေကို နားလည်ပြီး အတူတကွစည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်နိုင်သူ၊ စာနာတတ်သူ၊ လူမှုဆက်ဆံရေး အသိစိတ်ကြွယ်ဝသူ၊ ပြဿနာကို ကျိုးကြောင်းညီညွတ်စွာ ဖြေရှင်းနိုင်သူ၊ စည်းကမ်းကို တန်ဖိုးထားပြီး လေးစား လိုက်နာတတ်သူ စတာတွေပြည့်စုံတဲ့ တန်ဖိုးမြင့်လူသားတွေ ဖြစ်အောင် လေ့ကျင့်ပေး၊ သင်ပေးတာပါ။ အဲဒီလို သင်ပေး နိုင်ဖို့ ကျောင်းမှာတင် မလုံလောက်ပါ။ တကယ်တော့ လူ တစ်ယောက်ရဲ့ ပညာရေးဟာ ကျောင်းနှင့်စာသင်ခန်းထဲ မှာသာ ရှိတဲ့လုပ်ငန်းမဟုတ်ပါ။ စာသင်ခန်းရဲ့အပြင်မှာလည်း အကောင်အထည်ဖော်ရပါတယ်။ ကျောင်းက ဆရာသာ ကလေးတွေရဲ့ ဆရာမဟုတ်ပါ။ သူတို့ ပတ်ဝန်းကျင်က သူတွေဟာလည်း သူတို့ရဲ့ "မြင်ဆရာ၊ ကြားဆရာ"တွေပါပဲ။ မိဘကတော့ အနီးကပ်ဆုံး "လက်ဦးဆရာ"ပါ။ ဒါကြောင့်မို့ ကလေးတွေက စံထားတဲ့ ကျွန်တော်တို့မိဘ၊ ဆရာတွေမှာ ရှိရမယ့် "စံ"ကလည်း မြင့်မားသလို မြင့်မြတ်ရပါလိမ့်မယ်။

ပညာရေးက အထက်ပါ လူ့ရဲ့တန်ဖိုးကို မြင့်တက်စေပြီး လူ့လောကအတွင်း ကောင်းမွန်စွာ ကြီးပြင်းနိုင်မယ့် လူ့ တန်ဖိုးစစ်စစ်တွေ လေ့ကျင့်မှုအားကောင်းရပါမယ်။ အကယ်၍ အားနည်းပြီး ကလေးတွေကို ဖတ်စာအုပ်ဘောင်၊ ကျောင်း စာနံရံအတွင်းလောက်ပဲ ကြည့်တတ်အောင် သင်ကြားပေးခဲ့ ရင်တော့ ပတ်ဝန်းကျင်အကြောင်း၊ လောကအကြောင်းကို မသိ၊ မကြည့်တတ်တော့ဘဲ ကျောင်းစာအမှတ်များတဲ့သူ ကိုသာ "လူတော်"ဆိုပြီး အထင်မှားစွာ သူတို့ကိုယ်သူတို့ ခံယူသွားပါလိမ့်မယ်။ စာမေးပွဲအမှတ်သာများပြီး ဖော်ပြ ခဲ့တဲ့ လူ့တန်ဖိုးအစစ်တွေ မပါခဲ့ရင် "တံလျှပ်လူတော်" သာ မွေးထုတ်နေခြင်းပါ။ လူထဲမှာ ဆက်လက်ကြီးပြင်းရမယ့် သူတို့ရဲ့ဘဝမှာ လူ့တန်ဖိုးအစစ်တွေ မပါခဲ့ရင် အဲဒီကလေး ဟာ အောင်မြင်စရာအကြောင်းမရှိပါ။

လူ့တန်ဖိုးစစ်စစ်လို့ဆိုတဲ့ လူ့အဖွဲ့အစည်းရဲ့ မြင့်မြတ် အကျင့်နဲ့ စိတ်ထားတွေမပါဘဲ ဖတ်စာအုပ်ထဲက စာသာ တတ်ခဲ့ရင် မြတ်ဗုဒ္ဓရဲ့ "စာပေကျမ်းဂန်တတ်ပြီး သီလ မရှိသူဟာ အဆိပ်ပင်နဲ့တူပေ၏"ဆိုတဲ့ ဘဝမျိုးရောက်မှာ စိုးရိမ်မိပါတယ်။ ဉာဏဗလရဲ့ အသေးဆုံးအစိတ်အပိုင်း အဆင့်သာရှိတဲ့ စာသက်သက်သာသင်ပေး၊ လေ့ကျင့်ပေးပြီး ကျန်တဲ့ "ဗလ (၅)တန်"ကို မဖြည့်ပေးနိုင်သေးသမျှ ကျောင်း ဆရာဟာ မိမိရဲ့ အဓိကတာဝန်ကို မျက်ကွယ်ပြုလိုက် သလိုပါပဲ။ အဲဒီထဲမှာ လက်ဦးဆရာဖြစ်တဲ့ မိဘတွေနှင့် ကျန်တဲ့ မြင်ဆရာ၊ ကြားဆရာတွေဟာလည်း ကျောင်းစာ သင်ခန်းပြင်ပမှာ ကလေးတွေရဲ့ဆရာမို့ မျက်ကွယ်ပြုတဲ့အထဲ ပါသွားပါပြီ။ "စာမေးပွဲအမှတ်များမှ လူတော်ဆိုတဲ့ အနှစ် မပါ၊ အကာသက်သက် လူ့တန်ဖိုးသေးသေးလေးကို "ပေမီ ဒေါက်မီစံ"ပညာရေးရဲ့ရလဒ်လို့ ကျွန်တော်တို့ မိဘများနဲ့ ဆရာများ၊ လူကြီးများက စံထားနေသမျှ၊ အယူတိမ်းနေသမျှ၊ ကျွန်တော်တို့ကလေးတွေ "အညံ့စံ" ကို လိုက်အတုခိုး၊ စံနမူနာယူနေကြဦးမှာပါ။

နောက်ဆုံးမှာ အဲဒီလို အတုခိုးမှားတဲ့ရင်သွေးတွေကို "စံ" ထားမှားတဲ့မိဘနဲ့ကျောင်းဆရာတွေကလည်း "စာမေးပွဲ ရမှတ်ထောင်ချောက်"ထဲ တွန်းချနေတဲ့အဖြစ်ဆိုးရောက်နေ ကြတာပဲဖြစ်ပါတယ်။ မိဘတွေရဲ့ "တံလျှပ်လူတော်" အစွဲနဲ့ ကျောင်းဆရာတွေရဲ့ "ပညာရေးတံလျှပ်"ကိုသာအကောင် အထည်ဖော်နေမှုကို စွန့်လွှတ်ပါမှ ကလေးတွေကလည်း စာထောင်ချောက်ထဲကျတဲ့ဘဝမှကင်းလွတ်ပြီး တန်ဖိုးမြင့် စိတ်ထားပိုင်ရှင်မျိုးဆက်သစ်တွေဖြစ်လာမှာပါ။

> **သတိထားရမယ့်အချက်က သားသမီးနဲ့တပည့်တွေကို ပြုစုပျိုးထောင် လေ့ကျင့်ပေးနေတဲ့ ကျွန်တော်တို့ ဆရာ၊ မိဘတွေကိုယ်တိုင်က ကလေးတွေ အတုယူရာ၊ စံပြုရာ သူတို့ရဲ့ အနီးကပ်ဆုံးခေါင်းဆောင်များဆိုတာပါပဲ။ ဒါကြောင့် ကျွန်တော်တို့ မိဘ၊ ဆရာသမားတွေဟာ ပြည်သူ့နီတိ ပြည့်ဝသူ၊ နိုင်ငံ့ကြီးသား စိတ်ထားကြွယ်ဝသူ၊ တာဝန်သိပြီး တာဝန်ကျေသူ၊ စည်းကမ်းကို လေးစား လိုက်နာသူနဲ့ စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်သူ ဖြစ်ရပါမယ်။**

ပညာရှင်တွေရဲ့ လေ့လာချက်အရ လူမှုရေးနဲ့ အားကစား ဝါသနာပါတဲ့ ကလေးတွေဟာ ဦးနှောက်ဉာဏ်ရွှင်ပြီး ကျောင်းစာလည်းတော်တယ်၊ အသိုင်းအဝိုင်းကိုလည်း ဦးဆောင်နိုင်တယ်တဲ့။ အဲဒါနဲ့ပြောင်းပြန်အားကစားနဲ့ လူမှုရေးလုပ်ငန်းတွေမလုပ်တဲ့ ကလေးတွေကတော့ ထုံထိုင်းပြီး လူရာမဝင်၊ ရောဂါဘယထူပြောတဲ့ဘဝ ရောက်ပါ သတဲ့။ ကျောင်းတွေရဲ့ ဖွံ့ဖြိုးရေးအချိန်မှာ အားကစား အသင်း၊ ကျောင်းကောင်စီ၊ စာကြည့်တိုက်၊ ကြက်ခြေနီစတဲ့ ကျောင်းကအသင်းတွေရဲ့ လှုပ်ရှားမှုတွေကနေ လူ့တန်ဖိုး တွေဖြစ်တဲ့ ပေါင်းသင်းဆက်ဆံမှု၊ စာနာမှု၊ အချင်းချင်း လေးစားတန်ဖိုးထားမှုတွေ့နဲ့အတူ တာဝန်သိမှု၊ တာဝန်ယူမှု၊ မိမိကြောင့် ပတ်ဝန်းကျင်ဆိုးကျိုးထိခိုက်မှာတွေနဲ့ မိမိ အတန်း၊ ကျောင်းဂုဏ်ကို မြှင့်တင်လိုမှုဆိုတဲ့ မြင့်မားတဲ့ စိတ်ထားတွေရရှိလာပါတယ်။ ဖွံ့ဖြိုးရေးအချိန်ဆိုတဲ့ နာမည်နဲ့လိုက်အောင် ကလေးတွေ့ရဲ့ ကာယ၊ ဉာဏ၊ စာရိတ္တ နှင့် မိတ္တဗလဖွံ့ဖြိုးအောင် လုပ်ပေးတဲ့အချိန်ပါ။ ကျောင်း သင်ခန်းစာသင်တာထက် ပိုတန်ဖိုးရှိတဲ့အချိန်ပါ။ တန်ဖိုး ရှိတဲ့ အချိန်တွေကို ပညာရေးကိုအကောင်အထည်ဖော်နေ တဲ့ ကျောင်းနဲ့ဆရာတွေက ပစ်ပယ်ခဲ့ရင် တန်ဖိုးနိမ့်လူသားပဲ မွေးထုတ်ပါလိမ့်မယ်။ အဲဒီလိုမဖြစ်ဖို့ ကျွန်တော်တို့ မိဘနဲ့ ဆရာတွေကိုယ်တိုင်က လူမှုရေးလုပ်ငန်းတွေမှာ တက်ကြွစွာ ပါဝင်ရပါမယ်။ ပြီးတော့ အမြဲတမ်းတက်ကြွလန်းဆန်း စေရန် ကျန်းမာရေးလိုက်စားတဲ့သူများဖြစ်ရပါမယ်။

အဓိကအားဖြင့် "ဘုံဖျားထိမြင့်သူတွေရဲ့ စိတ်ထားတွေ" တွေကို ကျွန်တော်တို့မိဘနဲ့ ဆရာတွေက အားကျရပါလိမ့် မယ်။ လူတိုင်းမှာသူတို့အားကျစံထားတဲ့သူတွေ ရှိပါတယ်။ ယနေ့ကျွန်တော်တို့ကိုးကွယ်နေတဲ့ မြတ်စွာဘုရားဆိုရင် "သတ္တဝါတွေရဲ့အကျိုး၊ လူသားရဲ့အကျိုးကို ကယ်တင်ဖို့ အတွက် ဘုရားဖြစ်ရပါလို၏" ဆုတောင်းတာမျိုးပါ။ ဘုရားဖြစ်ချင်တဲ့အတ္တကို ရှေ့တန်းမတင်ပါ။ သတ္တဝါ ကောင်းကျိုးသည်ပိုးဖို့ဆိုတဲ့ " ပရဟိတ" စိတ်ထားက ပထမ ဆိုတာ မီးမောင်းထိုးပြနိုင်ရပါမယ်။ အဲဒီစိတ်ထားကြောင့် ယနေ့လူသားပေါင်း "သန်း ၂၀၀" ကိုးကွယ်နေသူ ဖြစ်လာ တာပါ။ ထို့အတူ ဒုတိယမြန်မာနိုင်ငံ တည်ထောင်ခဲ့တဲ့ ဘုရင့်နောင်မင်းတရားကြီးရဲ့ "အသက်ကိုရင်းပြီး တိုက်နေ တဲ့အချိန်မှာတောင် အများအကျိုးသယ်ပိုးဖို့ အလေးထား တဲ့ ပထမတန်းစား စိတ်ထားမျိုး"ပါ၊ နောက်ဆုံးတိုက်ပွဲ အနေနဲ့ ဟံသာဝတီပြည့်ရှင် သုရှင်တကာရွတ်ပိနဲ့ စီးချင်း ထိုးခါနီးမှာ "သာသနာအကျိုးသယ်ပိုးနိုင်ပြီး ပြည်သူ့ ကောင်းကျိုး ဆောင်ရွက်နိုင်မယ်ဆိုရင် ဒီတိုက်ပွဲမှာနိုင် ရပါလို၏" လို့ သစ္စာပြုတယ်လို့ဆိုပါတယ်။ အဲဒါကို ကြည့်ရင် သာသနာနဲ့ ပြည်သူ့အကျိုးသယ်ပိုးဖို့ တိုက်ပွဲမှာ နိုင်ချင်တာပါ။ သူဘုရင်ဖြစ်ဖို့ အဓိကမဟုတ်ပါ။ ပရဟိတ လုပ်ငန်းကို ကျွန်တော်တို့က လုပ်ဆောင်နေပါမှ ကလေးတွေ အားကျပြီး သူတို့လည်း လိုက်လုပ်လာပါလိမ့်မယ်။

လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့တဲ့ လွတ်လပ်ရေး ခေါင်းဆောင်ကြီးတွေရဲ့ လွတ်လပ်ရေးရပြီးရင် ငါ ဘာကောင်ကြီး ဖြစ်ရမယ်ဆိုတဲ့ အတ္တဘေးချိတ်၊ ကျွန် ဘဝရောက်နေတဲ့ ပြည်သူတွေရဲ့လွတ်မြောက်ရေးဆိုတာ သာ အဓိကထားခဲ့ကြတာပါ။ အများကောင်းကျိုးအရေး အလေးထားတဲ့ စိတ်ဓာတ်တွေပါ။ ဒီလိုပါပဲ ကမ္ဘာ့သမိုင်း မှာ ကြီးနိုင်ငယ်ညှဉ်းကြောင့် ဒုက္ခရောက်သူတွေ၊ ရောဂါ ဘယ ထူပြောသူ၊ ငတ်မွတ်သူတွေကို ဘယ်သူမှမခိုင်းဘဲ မိမိရဲ့တာဝန်သိမှု၊ တာဝန်ယူလိုမှုကြောင့် ဆောင်ရွက် ခဲ့ကြတဲ့ကြက်ခြေနီဖခင်ကြီး ဟင်နရီဒူးနန့်၊ မီးအိမ်ရှင် နိုက်တင်ဂေး၊ နှလုံးလှဆရာဝန်ကြီး အယ်လ်ဘတ်ရွိုက်ဇွာ၊ သူတော်စင် မာသာထရီဇာ၊ မြန်မာပြည်က ဘိုးဘွားရိပ်သာ တည်ထောင်သူ ဖွားဦးဇွန်းနဲ့မန္တလေးမှာ အပူကြီးလို့ အပူချိန်ကျအောင် သစ်ပင်လိုက်စိုက်တဲ့ ဆိုက်ကား ဆရာကြီး ဦးငွေတို့ရဲ့ တာဝန်သိ၊ တာဝန်ယူမှုနဲ့ စာနာ တတ်မှုတွေပြည့်ဝတဲ့ မြင့်မြတ်စိတ်ထားတွေကို မိဘတွေ ကလည်း အားကျ၊ ဆရာတွေကလည်း စံထားပြီးလက်တွေ့ လုပ်ဆောင်ပြနေပါမှ ကလေးတွေက ကျွန်တော်တို့ကို နာမူနာယူမှာ။ ပြန်လည်အားကျပြီး ပရဟိတစိတ်ထား ပိုင်ရှင်တွေဖြစ်ကြမှာပါ။

ကျွန်တော်တို့ရဲ့သမိုင်းမှာ အင်္ဂလိပ်ရဲ့ကျွန်မွေးတဲ့ ကျွန်ပညာရေးကို တော်လှန်အောင်မြင်ပြီး အမျိုးသားပညာ ရေးကို အခြေချခဲ့လို့လွတ်လပ်ရေးရခဲ့ပါတယ်။ ယနေ့ အချိန်မှာတော့ ဖော်ပြခဲ့တဲ့ဘုံဖျားက မြင့်မြတ်စိတ်ထားတွေ ကြွယ်ဝတဲ့ပညာရေးဟာ မြန်မာ့မြေမှာအခြေကျနေမှသာ အတ္တကြီးတဲ့စိတ်ထားနိမ့်သူ၊ စာနာစိတ်ကင်းသူ၊ တာဝန် မဲ့သူ၊ တာဝန်ယူမှုမရှိသူ၊ ကြီးနိုင်ငယ်ညှဉ်းစိတ်ရှိသူနှင့် အချောင်သမားတွေဘဝ ရောက်မည့်အရေးကို ကြံ့ကြံ့ ခံကာကွယ်နိုင်မှာ။ အဲဒီလို စိတ်ထားမြင့်မြတ်သူတွေ မွေးထုတ်နိုင်ဖို့တော့ " စံပြည့်အမျိုးသားပညာရေး" ဟာ မြန်မာပြည်မှာ ထွန်းတောက်နေရပါမယ်။ ပြီးတော့ ကျွန်တော်တို့ကလည်း "တံလျှပ်လူတော်" ဆိုတဲ့ " အညံ့စံ" ကို တွန်းလှန်တဲ့မိဘ၊ ကျောင်းဆရာနဲ့နိုင်ငံ့ကြီးသားတွေ ဖြစ်ပြီး ပညာရေးရဲ့အနှစ်သာရစစ်စစ်ကို ချစ်တတ်၊ မြတ်နိုး တတ်ပြီး အားပေးနိုင်စွမ်းရှိကာ ဘက်စုံ "ကောင်း" "တော်" အောင်အစဉ်ကြိုးပမ်းနေသော ပြည်သူများဖြစ်ဖို့ လိုပါ တယ်။ ဒါမှသာ ယနေ့မျိုးဆက်သစ်တွေဟာ ပရအကျိုး သယ်ပိုးတတ်သူနှင့် မြင့်မြတ်သူများဖြစ်လာကြပါလိမ့်မယ်။ နောက်ဆုံးမှာသူတို့လည်း သူတို့ရဲ့နောက်ထပ် မျိုးဆက် အသစ်တွေက "စံ"ထားသူများဘဝကို ရောက်ကြမှာ။

အချုပ်အားဖြင့် ကျွန်တော်တို့ရဲ့ အတွေး၊ အမြင်၊ အလုပ်နှင့်အပြုအမူမှန်သမျှကို ကျွန်တော်တို့ရဲ့ကလေး တွေက သင်ယူနေတယ်ဆိုတာ သတိမလစ်ဖို့ပါပဲ။ အဲဒီ သတိရှိခဲ့ရင်ကျွန်တော်တို့ဟာ သူတို့ရဲ " စံ " ထားသူဘဝမှာ အမြဲရပ်တည်နေပါတယ်။ ကလေးတွေကို မြှင့်တင်နေတဲ့ "မိဘ"၊ "ဆရာ" နဲ့ "နိုင်ငံ့ကြီးသား" များဖြစ်နေကြပါ တယ်။ ကလေးတွေအတုယူတဲ့ စံပြနိုင်ငံသားဘဝကို ဘဝ ဆုံးသည့်တိုင်အောင် ထိန်းကြပါစို့လို့ နှိုးဆော်လိုက်ရပါ တယ်။ ။

---

# ဒိုက်ဦးမြို့နယ်၌ အဆင့်မြင့်စံပြ စက်မှုလယ်ယာစနစ်ဖော်ထုတ်ရေး ပံ့ပိုးချေးငွေပေးအပ်

**ဒိုက်ဦး ဒီဇင်ဘာ ၃။** အဆင့်မြင့်စံပြစက်မှုသမဝါယမလယ်ယာစနစ်ဖော်ထုတ်ရေး ပံ့ပိုးချေးငွေပေးအပ်ပွဲကို ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းတွင် မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ကျင်းပရာ ဗဟိုသမဝါယမအသင်းမှ အမှုဆောင်အရာရှိချုပ်( CEO) ဦးကျော်သိန်း၊ ပဲခူးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကိုကို၊ ပဲခူးတိုင်း ဒေသကြီး သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌ ဦးခင်စိုး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကိုငွေ၊ ဦးမင်းအောင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန်းဝင်းနှင့် မြို့နယ်သမဝါယမအသင်းစု ဒါရိုက်တာ အဖွဲ့ဝင်များ၊ ကျေးရွာစိုက်ပျိုးထုတ်လုပ်ရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်း ဥက္ကဋ္ဌများ၊ အဆင့်မြင့် စံပြလယ်ယာအသင်းမှ အသင်းသားများတက်ရောက်ကြသည်။

ရှေးဦးစွာ ဗဟိုသမဝါယမအသင်းအမှုဆောင်အရာရှိချုပ်က ပံ့ပိုးချေးငွေပေးအပ်မှုအတွက် အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ပဲခူးတိုင်းဒေသကြီး သမဝါယမ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးတို့က ကျေးဇူးတင်အမှာစကားပြောကြားသည်။

အစီအစဉ်အရ ဗဟိုသမဝါယမအသင်းမှ ပံ့ပိုးချေးငွေများပေးအပ်ရာ ပန်းခိုင်စိုက်ပျိုး ထုတ်လုပ်ရေး သမဝါယမအသင်းအား ပံ့ပိုးချေးငွေကျပ်သိန်း ၁၂၀၀၊ မင်္ဂလွန်းစိုက်ပျိုး ထုတ်လုပ်ရေးသမဝါယမအသင်းအား ပံ့ပိုးချေးငွေကျပ်သိန်း ၅၀၀ တို့ကို ပေးအပ်ကြကြောင်း သိရသည်။

**(ကျော်ကျော်-IPRD)**

# စီမံကိန်းဝန်းကျင် ဒေသခံများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန် ပြည်သူဗဟိုပြုနည်းလမ်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၃**

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာပါအတိုင်း လက်ပံတောင်းတောင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသခံများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန် ပြည်သူကိုဗဟိုပြုသည့် နည်းလမ်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ စီမံကိန်းဝန်းကျင်ရှိ ဒေသခံပြည်သူများ၏ အကျိုးစီးပွားကို ဦးတည်၍ အဖွဲ့လေးဖွဲ့ဖြင့် ဆောင်ရွက်နေသည့်အတွက် အားလုံးတက်ညီလက်ညီ ထောင့်စေ့အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ယမန်နေ့ညနေ ၃ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ပြောကြားသည်။**(အပေါ်ယာပုံ)**



အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ကော်မတီဒုတိယဥက္ကဋ္ဌ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့် ဒေါက်တာမြင့်အောင်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် မန်နေးဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဇာနည်ဝင်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၊ မြန်မာ-ဝမ်ပေါင်ကုမ္ပဏီလီမိတက်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ကော်မတီဥက္ကဋ္ဌက ဆက်လက်ပြောကြားရာတွင် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်ပတ်သက်၍ ပြည်သူများပွင့်လင်းမြင်သာစွာ သိရှိနိုင်ရန် ပြည်သူများနှင့် အမြဲမပြတ် ထိတွေ့ဆက်ဆံပြောဆိုရှင်းပြကြရမည်ဖြစ်ကြောင်း၊ ဒေသခံများ၏ အခက်အခဲများ အချိန်နှင့်တစ်ပြေးညီပွင့်လင်းစွာ တင်ပြနိုင်ရန်အတွက် လက်ပံတောင်းတောင်ဒေသတွင် ဆက်ဆံရေးရုံး ဖွင့်လှစ်ထားရှိပါကြောင်း၊ တင်ပြချက်အခက်အခဲများအပေါ် စိတ်ရှည်သည်းခံပြီး ပြည်သူများ ယုံကြည်လက်ခံနားလည်သိမြင်လာနိုင်စေရန် ပွင့်လင်းမြင်သာစွာ အောက်ခြေအထိ ရှင်းလင်းဖြေရှင်းပေးရန်လိုကြောင်း တာဝန်ရှိသူများအားလုံး မည်ကာမတ္တဆောင်ရွက်ခြင်းမဟုတ်ဘဲ အစွမ်းကုန်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို အများပြည်သူ ထင်သာမြင်သာဖြစ်ရန်အတွက် ထုတ်ပြန်သင့်သည့် အချက်အလက်များကို ထုတ်ပြန်သွားရန်၊ ဒေသခံများနှင့် သီးခြားတွေ့ဆုံပြီး မည်သည့်အတိုင်းအတာအထိ ခရီးရောက်နေပြီဆိုသည်ကို တွေ့ဆုံပွဲများတွင် ရှင်းပြရန် လိုအပ်ပါကြောင်း၊ စီမံကိန်းဒေသအတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြေးနီစီမံကိန်းမှ အမြတ်မရသေးမီ နိုင်ငံတော်အပိုင်း၊ ကုမ္ပဏီအပိုင်းမှ ကြိုတင်ငွေစိုက်ထုတ်ဆောင်ရွက်ပေးလျက်ရှိသည်ကို ဒေသခံများ သိရှိနားလည်အောင် ရှင်းလင်းပြောကြားသွားရန် လိုအပ်ပါကြောင်း၊ စီမံကိန်းပြီးဆုံးပါက မူလပိုင်ရှင်များသို့ မြေယာများကို စနစ်တကျပြန်လည်လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း၊ လက်ပံတောင်းဒေသနှင့်ဒေသခံပြည်သူများ အဆင့်အတန်းမြင့်မားစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့စိတ်စေတနာသန့်ရှင်းစွာဆောင်ရွက်အကောင်အထည်ဖော်နေသည်များကို ဒေသခံများနားလည်သိရှိနိုင်ရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ ကော်မတီဒုတိယဥက္ကဋ္ဌ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက လက်ပံတောင်းတောင် ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာပါအတိုင်း စီမံကိန်းဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအမံများ၊ လျှပ်စစ်မြစ်ရေတင်စီမံကိန်းနှင့်စီမံကိန်းဒေသ ဖွံ့ဖြိုးရေးအစီအမံများအတွက် ပွင့်လင်းမြင်သာစွာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်ကိစ္စရပ်များကိုရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက စီမံကိန်းဒေသအတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များအား ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက်အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီးများ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် မြန်မာ-ဝမ်ပေါင်ကုမ္ပဏီလီမိတက်တို့မှ သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီးတင်ပြဆွေးနွေးကြပြီး တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးကြရာ ကော်မတီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းဖြည့်စွက်ရှင်းလင်းသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် လက်ပံတောင်းဒေသခံပြည်သူများ၏ လိုအပ်ချက်ဆန္ဒများအတွက် ချက်ချင်းဆောင်ရွက်ပေးရမည့်ကိစ္စရပ်များကို ချက်ချင်းဆောင်ရွက်ပေးပြီး အချိန်ပေးဆောင်ရွက်ရမည့်ကိစ္စရပ်များအတွက် အဆင့်ဆင့်ဆောင်ရွက်မည့်အစီအမံများကို ဒေသခံပြည်သူများသိရှိနိုင်ရန် ကြိုတင်ရှင်းလင်းပြောကြားသွားရန် လိုအပ်ကြောင်း၊ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင် နိုင်ငံ၏စံပြစီမံကိန်းကြီးဖြစ်ကြောင်း၊ နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်နေသည်ကို ပြသသွားရန်လိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးသည် အရေးကြီးကြောင်း၊ တာဝန်ရှိ အဖွဲ့အစည်းအသီးသီး အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် သာမန်အပေါ်ယံလုပ်ဆောင်ခြင်းမျိုးမဟုတ်ဘဲ စိတ်ကောင်းစေတနာကောင်းများဖြင့် လက်တွေ့ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်ကြရန်တိုက်တွန်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ အမျိုးသားရေးအသွင်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၃**

ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ (World AIDS Day) လှုပ်ရှားမှုများကို မြန်မာနိုင်ငံတွင်လည်း ၁၉၈၉ ခုနှစ်မှစတင်၍ နှစ်စဉ် ကျန်းမာရေးဝန်ကြီးဌာနက ဦးဆောင်ကျင်းပပြီးလျှင် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကလည်း အစဉ်အမြဲကျင်းပပေးလျက်ရှိကြောင်း၊ (World AIDS Day) လှုပ်ရှားမှုများကို ကျင်းပရသည့် ရည်ရွယ်ချက်မှာ ခုခံအားကျဆင်းမှုကူးစက်ရောဂါကြောင့် သေဆုံးသူများကို အမှတ်ရစေရန်၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါကာကွယ်တိုက်ဖျက်ရန်၊ ကုသရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများတွင် ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုဖြင့် အခြားနီးနွယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အနုပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အိပ်ချ်အိုင်ဗွီပိုး ကူးစက်ခံနေရသူများ၊ မိသားစုများအပါအဝင် စေတနာ့ဝန်ထမ်းများနှင့် ပြည်သူလူထုတစ်ရပ်လုံးက ထက်သန်သည့်ဆန္ဒများ၊ နိုးကြားတက်ကြွသည့် စိတ်ဓာတ်များနှင့်ထိရောက်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေရန် နှိုးဆော်သည့်အနေဖြင့် ကျင်းပခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ဒီဇင်ဘာ ၂ ရက် နံနက် ၉ နာရီတွင် နေပြည်တော် သုခမလမ်း ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပသော ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအနေဖြင့် ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေး လုပ်ငန်းများကို အမျိုးသားရေးအသွင်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ခုခံအားကျဆင်းမှု ကူးစက်ရောဂါကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်ရေး ဗဟိုကို ကျန်းမာရေးဝန်ကြီးဌာန နီးနွယ်ဝန်ကြီးဌာနများနှင့် ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းခဲ့သည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအနေဖြင့်လည်း မိခင်မှကလေးသို့ HIV ပိုး ကူးစက်ခြင်းမှ ကာကွယ်တားဆီးခြင်းစီမံချက် (PMCT)လုပ်ငန်းကို ၂၀၀၆ ခုနှစ်ကစတင်ပြီး ကျန်းမာရေးဝန်ကြီးဌာန၏ နည်းပညာပံ့ပိုးမှု၊ UNICEF ၏ ထောက်ပံ့မှုဖြင့် စီမံချက်ခြောက်မြို့နယ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် စီမံချက်မြို့နယ်အသစ် ၁၀ မြို့နယ်ကို ထပ်မံရွေးချယ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ Global Fund ၏ အထောက်အပံ့ဖြင့် မြို့နယ် ၂၁ မြို့နယ်တွင် Community Home-Based Care Activity ကိုလည်း ဆောင်ရွက်နေကြောင်း သိရှိရသဖြင့် HIV/AIDS Prevention and Control လုပ်ငန်းများကို တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားပြီး မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါကာကွယ်တားဆီးရေး ဆောင်ရွက်ချက်ပြခန်းကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် World AIDS Day လှုပ်ရှားမှုအဖြစ် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာ၌ HIV/AIDS ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ ပညာပေးဟောပြောပွဲနှင့် အုပ်စုလိုက် စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်မွန်မွန်အောင်က အမှာစကားပြောကြားပြီး ကျန်းမာရေးဦးစီးဌာန ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်မှ တာဝန်ရှိသူက HIV/AIDS ပညာပေးပြောကြားပြီး ကျေးရွာအတွင်းရှိ ကိုယ်ဝန်ဆောင်များနှင့် အုပ်ချုပ်ရေးအဖွဲ့များ၊ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများနှင့် စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးပေးမည်

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် အသိပေးကြေညာအပ်ပါသည်-**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁ | နေပြည်တော် | တပ်ကုန်း |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | လှည်းကူး၊သုံးခွ |
| ၃ | မန္တလေးတိုင်းဒေသကြီး | မတ္တရာ၊ သာစည်၊ ညောင်ဦး၊ တံတားဦး |
| ၄ | ရှမ်းပြည်နယ် | ပင်းတယ၊ မိုင်းရှူး၊ ကွတ်ခိုင်၊ သီပေါ၊ မိုင်းဖြတ်၊ မိုင်းယောင်း |
| ၅ | ကချင်ပြည်နယ် | ပူတာအို၊ ဝိုင်းမော်၊ ရွှေကူ၊ ဟိုပင် |
| ၆ | ကရင်ပြည်နယ် | လှိုင်းဘွဲ့ |
| ၇ | စစ်ကိုင်းတိုင်းဒေသကြီး | အရာတော်၊ ကောလင်း၊ဝန်းသို၊ပင်လယ်ဘူး၊ ရေဦး၊ တန့်ဆည်၊ တမူး |
| ၈ | ပဲခူးတိုင်းဒေသကြီး | ညောင်လေးပင်၊ ပန်းတောင်း၊ ကြို့ပင်ကောက် |
| ၉ | မကွေးတိုင်းဒေသကြီး | ချောက်၊ ဂန့်ဂေါ၊ ထီးလင်း၊ မင်းတပ်၊ စေတုတ္တရာ၊အောင်လံ |
| ၁၀ | မွန်ပြည်နယ် | ချောင်းဆုံ၊ ပေါင် |
| ၁၁ | ရခိုင်ပြည်နယ် | ဘူးသီးတောင်၊ မောင်တော |
| ၁၂ | ဧရာဝတီတိုင်းဒေသကြီး | မြောင်းမြ၊ မော်ကျွန်း၊ ဖျာပုံ၊ ဘိုကလေး၊ မြန်အောင်၊ ကြံခင်း |



# ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (၉)ကြိမ်မြောက်ဝန်ကြီးများအဆင့် ညီလာခံ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၃

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့ရှိ Malia Hotel ၌ကျင်းပသော အာဆီယံဝန်ကြီးများ၏ အလုပ်သဘော နံနက်စာစားပွဲသို့တက်ရောက်သည်။**




အစည်းအဝေးတွင် အာဆီယံဝန်ကြီးများသည် ဂျီနီဗာမြို့၌ ဆွေးနွေးခဲ့သော ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများဆိုင်ရာ ကိစ္စများနှင့် လယ်ယာကဏ္ဍဆိုင်ရာကိစ္စရပ်များအနက် မပြီးပြတ်သေးသောကိစ္စရပ်များကို ဘာလီညီလာခံကာလအတွင်း ပြီးပြတ်အောင် ကြိုးစားဆောင်ရွက်မည့်အစီအစဉ်များ၊ နိုင်ငံစုံကုန်သွယ်မှုစနစ် ပိုမိုခိုင်မာစေရေးအတွက် အာဆီယံနိုင်ငံများမှ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် ပိုမိုတက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် နိုင်ငံစုံကုန်သွယ်မှုစနစ်အတွင်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အာဆီယံနိုင်ငံများ၏ စည်းလုံးညီညွတ်မှုဖြင့် Doha ဆွေးနွေးပွဲလုပ်ငန်းစဉ်များ အပြီးသတ်ဆွေးနွေးသွားနိုင်ရေးကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်တွင်အာဆီယံဥက္ကဋ္ဌတာဝန်ကို မိတ်ဆွေအာဆီယံနိုင်ငံများ၏ အကူအညီဖြင့်အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလဒုတိယပတ်တွင်ကျင်းပမည့် အရှေ့တောင်အာရှအားကစားပွဲသို့ လာရောက်ရန်ဖိတ်ကြားပါကြောင်း ပြောကြားသည်။

ထို့နောက် NUSA DUA CONFERENCE CENTRE ရှိ SINGARAJA ခန်းမ၌ကျင်းပသည့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ၏ ကုန်သွယ်ရေးဝန်ကြီးများအစည်းအဝေးသို့တက်ရောက်သည်။

အစည်းအဝေးတွင် ကုန်သွယ်ရေးဝန်ကြီးများက LDC နိုင်ငံများအတွက် Doha ဆွေးနွေးပွဲလုပ်ငန်းစဉ်တွင်ပါဝင်သည့် ပင်ရင်းဒေသစည်းမျဉ်းဖြေလျှော့ပေးရေး၊ ဝန်ဆောင်မှုကဏ္ဍတွင်အထူးအခွင့်အရေးများ အကြံပြုရေး၊ အကောက်ခွန်နှင့်ဘိုတာကင်းလွတ်ခွင့်ရရှိရေး၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအတွက် ကုန်သွယ်မှုဆိုင်ရာ အခွင့်အလမ်းကို အပြည့်အဝအကောင်အထည်ဖော်ရေးအတွက် ထိန်းကျောင်းပေးမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဘာလီညီလာခံတွင် အတည်ပြုနိုင်ရေးကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးကလည်း ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ၏ ဆွေးနွေးချက်များ အောင်မြင်မှုရရှိခဲ့ခြင်းမှာ နိုင်ငံများအချင်းချင်း ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ခဲ့မှုကြောင့်ဖြစ်ကြောင်း၊ ဆက်လက်၍လည်း ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ၏ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် တိုးတက်ရေးနှင့် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် Aid For Trade မှာ အလွန်အရေးကြီးပါကြောင်း၊ သို့ပါ၍ Aid For Trade များကို ခွဲဝေချထားပေးရာတွင် မျှတမှုနှင့် ပွင့်လင်းမြင်သာမှုရှိရန် လိုအပ်ကြောင်း၊ နိုင်ငံစုံကုန်သွယ်မှုစနစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ၂၀၁၃ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃**

၂၀၁၃ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ဟိုတယ်ဇုန် သင်္ဂဟဟိုတယ်၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာနကဦးဆောင်ပြီး **"မသန်စွမ်းသူများ၏အခွင့်အရေးများဥပဒေ"**နှင့် အမျိုးသားအဆင့်မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာလုပ်ငန်းစီမံချက် (၂၀၁၄-၂၀၁၈)ရေးဆွဲလျက်ရှိပါကြောင်း၊ မသန်စွမ်းသူများအတွက် အထူးကျောင်းခြောက်ကျောင်းဖွင့်လှစ်ထားရှိပြီးဖြစ်သော်လည်း ပိုမိုပြည့်စုံစွာဆောင်ရွက်နိုင်ရေးအတွက် မန္တလေးမြို့၌ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း တစ်ကျောင်းနှင့် ရန်ကုန်မြို့တွင် နားမကြားသောကလေးများအတွက်တစ်ကျောင်းတို့ကို ထပ်မံတိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း။

ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူမှုတွင် ကိုယ့်မိသားစု၊ ကိုယ့်ပတ်ဝန်းကျင်နှင့် မသန်စွမ်းသူများ ကြွင်းကျန်မှုမရှိဘဲ အားလုံးပါဝင် ဖြေဆိုနိုင်ရန်နှင့် သန်းခေါင်စာရင်း၏အရေးပါမှုကိုလည်း နားလည်သဘောပေါက်စေရန်အသိပညာပေးဆွေးနွေးကြရန် မှာကြားလိုပါကြောင်း၊ ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကြီးတွင် အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် လေ့ကျင့်ယှဉ်ပြိုင်အနိုင်ယူနိုင်အောင် အစွမ်းကုန်ကြိုးစားကြစေလိုပါကြောင်း၊ "လူတိုင်းအကျုံးဝင်ပါဝင်ဖို့ အတားအဆီးရပ်လို့ တံခါးဖွင့်စို့" ဆိုသည့် ၂၀၁၃ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ဆောင်ပုဒ်အတိုင်း ပြောင်းလဲလာသောခေတ်သစ်၊ စနစ်သစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးတည်ဆောက်ရာတွင် မသန်စွမ်းသူများအားလုံးပါဝင်ပြီး အတားအဆီးများကိုဖယ်ရှားကာ ပွင့်လင်းမြင်သာသောအတွေးသစ်၊ အမြင်သစ်များဖြင့် ပြတင်းပေါက်တံခါးများကို ပိုမိုဖွင့်လှစ်နိုင်ရန်တက်ရောက်လာကြသူများအားလုံး ပူးပေါင်းဆောင်ရွက်ပေးစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် UNDP ဌာနေညွှန်ကြားရေးမှူး Mr.Toily Kurbanov က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကိုဖတ်ကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က အတားအဆီးကင်းသော ပတ်ဝန်းကျင်ဖန်တီးမှု၊ အခြေခံပညာသင်ကြားမှု၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးမှု၊ တစ်နှစ်တာ လှုပ်ရှားဆောင်ရွက်မှုနှင့် ထူးချွန်အားကစားဆုတို့မှ အထူးဆုများကိုလည်းကောင်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲဆုများကိုလည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က တက္ကသိုလ်အဆင့် ဆောင်းပါးပြိုင်ပွဲဆုများကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဆွေက အထက်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲဆုများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်က အလယ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲဆုများကိုလည်းကောင်း၊ UNDP ဌာနေညွှန်ကြားရေးမှူး Mr. Toily Kurbanov က မူလတန်းအဆင့် ဆောင်းပါးပြိုင်ပွဲဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မသန်စွမ်းသူတစ်ဦးက နားမကြားသူများအတွက် ဘာသာစကား (Sign Language) ဖြင့် ကျေးဇူးတင်စကားပြောကြားသည်။ ဆက်လက်၍ ၂၀၁၃ ခုနှစ်အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် ဗီဒီယိုမှတ်တမ်းအားပြသပြီး တက်ရောက်လာကြသူများက အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်ပြခန်းငယ်ကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**












# မွန်ပြည်နယ်၌ ကျောင်းသား ကျောင်းသူ ၁၀၀ အား SCG မှ ပညာသင်ဆုချီးမြှင့်

**နေပြည်တော် ဒီဇင်ဘာ ၃**

အာဆီယံ ထိပ်တန်းစီးပွားရေးလုပ်ငန်းကြီးဖြစ်သည့် SCG သည် မြန်မာနိုင်ငံတွင်ဒုတိယမြောက်အဖြစ် မွန်ပြည်နယ်မှ အထက်တန်းကျောင်းသားကျောင်းသူ ၁၀၀ အား ပညာရေးထောက်ပံ့မှု အခမ်းအနားကို မော်လမြိုင်မြို့ Strand Hotel ၌ ဒီဇင်ဘာ ၁ ရက် နံနက် ၉ နာရီတွင် ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က အမှာစကားပြောကြားသည်။

ပညာသင်ထောက်ပံ့ဆုများ ပေးအပ်ရာတွင် မိသားစုအပေါ်သိတတ်သော၊ လူမှုအသိုင်းအဝိုင်းတွင် တက်ကြွစွာ ကောင်းကျိုးပြုသော၊ ပညာရည်ထူးချွန်သော၊ နွမ်းပါးသော ကျောင်းသားကျောင်းသူများကို ရွေးချယ်ကာ တစ်ဦးလျှင် ငွေကျပ် နှစ်သိန်း(အမေရိကန်ဒေါ်လာ ၂၀၆ ဒေါ်လာခန့်) ချီးမြှင့်ထောက်ပံ့သည်။

SCG သည် ယခင်နှစ်တွင် အထက်တန်းအဆင့် ကျောင်းသားကျောင်းသူ ၅၀ အား ပညာသင်ဆုချီးမြှင့်ထောက်ပံ့ခဲ့ကြောင်း သိရှိရပြီး ယခုနှစ်တွင် ၅၀ ထပ်တိုးကာ ချီးမြှင့်သည်။ ယင်းသို့ ချီးမြှင့်ရာတွင် မြို့ပေါ်နှင့် ဆင်ခြေဖုံးရပ်ကွက်ရှိ ဆင်းရဲသည့်ကျောင်းသား ကျောင်းသူများကိုသာ ချီးမြှင့်ထောက်ပံ့ခဲ့ကာ ကျေးလက်ဒေသအထိ တိုးမြှင့်ချီးမြှင့်နိုင်ခြင်း မရှိသေးကြောင်းနှင့် နောင်တွင် ကျေးလက်ဒေသအထိ တိုးချဲ့ချီးမြှင့်ထောက်ပံ့နိုင်ရေး ဆောင်ရွက်သွားမည့် အစီအစဉ်ရှိသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် မော်လမြိုင်-ကျိုက်မရောလမ်း၊ မင်းရွာအနီးတွင် တည်ဆောက်လျက်ရှိသည့် အားကစားနှင့်ကာယပညာသိပ္ပံကျောင်း(မော်လမြိုင်) တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကျိုက်ထိုမြို့နယ် သမဝါယမအသင်းစု ဝန်ထမ်းများအဆင်ပြေစေရန် ငွေထုတ်ချေး

**ကျိုက်ထို ဒီဇင်ဘာ ၃**

ကျိုက်ထိုမြို့နယ် သမဝါယမအသင်းစုအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကို အခြေခံ၍ အသင်းစုဥက္ကဋ္ဌ ဦးမောင်မောင်လွင်၊ ဒါရိုက်တာအတွင်းရေးမှူး ဦးကံမြင့်နှင့် အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်ဇင်ဇင်နိုင်တို့ ဦးဆောင်မှုဖြင့် ကျိုက်ထိုမြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်းများအား တစ်ဦးလျှင် ငွေကျပ် နှစ်သိန်းနှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိရာ ဒီဇင်ဘာ ၂ ရက်မှစပြီး လျှောက်ထားသူဝန်ထမ်း ၄၀၁ ဦးအတွက် ငွေကျပ်သိန်းပေါင်း ရှစ်ရာ့ နှစ်သိန်းကို ထုတ်ချေးပေးသွားမည်ဖြစ်ပြီး ဝန်ထမ်းများကလည်း အရစ်ကျစနစ်ဖြင့် (၁၀)လ ပေးဆပ်သွားရမည် ဖြစ်သည်။ မြို့နယ် သမဝါယမအသင်းစု၏ ဝန်ဆောင်ပေးမှုအတွက် ၂၀၁၄ ခုနှစ် နှစ်သစ်အကြို လိုအပ်သော အိမ်သုံးပစ္စည်းများကို ကြိုတင်ဝယ်ယူနိုင်မည်ဖြစ်သည့်အတွက် သမအသင်းစုအား ကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။ **(ဝင်းမောင်)**



# ဆေးဘက်ဆိုင်ရာ PACES လက်တွေ့စာမေးပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃**

မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာနနှင့် ယူကေနိုင်ငံ တော်ဝင်ကောလိပ်များ (Royal Collages of Physicians) ပူးပေါင်းမှုဖြင့် အမ်အာစီပီ(MRCP) နောက်ဆုံးအဆင့်စာမေးပွဲဖြစ်သည့် PACES (Practical Assessment of Clinical Examination Skills) လက်တွေ့စာမေးပွဲကို မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ်အဖြစ် ဆေးတက္ကသိုလ်(၁)ရန်ကုန်၏ သင်ကြားရေးဆေးရုံကြီးဖြစ်သည့် အထွေထွေရောဂါကုဆေးရုံသစ်ကြီး၏ တိုးချဲ့ဆောင်တွင် နိုဝင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ အောင်မြင်စွာ ကျင်းပခဲ့သည်။ ယူကေနိုင်ငံရှိ အီဒင်ဘာရာ၊ လန်ဒန်နှင့် ဂလက်စကို တော်ဝင်ကောလိပ်တို့မှ အဆင့်မြင့် စာစစ်ပုဂ္ဂိုလ် ခြောက်ဦးနှင့် တွဲဖက်ကာ မြန်မာနိုင်ငံမှ ဆေးတက္ကသိုလ်(၁)၊ ဆေးတက္ကသိုလ်(၂)၊ ဆေးတက္ကသိုလ်(မန္တလေး)၊ ဆေးတက္ကသိုလ်(မကွေး)နှင့် တပ်မတော်ဆေးတက္ကသိုလ်တို့မှ စာစစ်ပုဂ္ဂိုလ်များ ပူးတွဲစစ်ဆေးခဲ့ကြပြီး ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းဆရာဝန်များ၊ တပ်မတော်ဆေးဝန်ထမ်း ဆရာဝန်များနှင့် ပြင်ပဆရာဝန် ၄၅ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြသည်။ အောင်မြင်သူများ၏ စာရင်းကို ရက်သတ္တနှစ်ပတ်ကျော်တွင် ယူကေနိုင်ငံမှ ပေးပို့မည်ဖြစ်သည်။ အမ်အာစီပီဘွဲ့သည် ကမ္ဘာပေါ်ရှိ နိုင်ငံအတော်များများမှ အသိအမှတ်ပြုသည့် ဘွဲ့တစ်ခုဖြစ်ကာ ယင်းဘွဲ့ရရှိရန်အတွက် အပိုင်း(၁)နှင့် အပိုင်း(၂) ရေးဖြေစာမေးပွဲများ ဖြေဆိုကြရကာ နောက်ဆုံးအဆင့်လက်တွေ့စာမေးပွဲ (PACES)အောင်မြင်ပြီးမှသာ MRCP ဘွဲ့ချီးမြှင့်ခံကြရခြင်းဖြစ်သည်။ မိမိတို့နိုင်ငံအနေဖြင့် အပိုင်း(၁)စာမေးပွဲကို ၁၉၇၀ ပြည့်နှစ်များတွင် စတင်လက်ခံကျင်းပခဲ့ပြီး အပိုင်း(၂)စာမေးပွဲကို ၂၀၀၈ ခုနှစ်တွင် စတင်ကျင်းပနိုင်ခဲ့ကာ ယခုလက်တွေ့ (PACES)စာမေးပွဲကို ပထမဦးဆုံးအကြိမ် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းဖြစ်ရာ နိုင်ငံနှင့်လူမျိုးအတွက် ဂုဏ်ယူရမည့်သင်တန်းတစ်ခု ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရှမ်းနှစ်သစ်ကူးပွဲတော် သီပေါမြို့နယ်၌ ကျင်းပ

**သီပေါ ဒီဇင်ဘာ ၃**

ရှမ်းတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုအစဉ်အလာမပျက် ရှမ်းနှစ် ၂၁၀၈ ရှမ်းနှစ်သစ် ကူးပြောင်းပွဲမင်္ဂလာအခမ်းအနားကိုရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် တိမ်းချေတိမ်းစံကျေးရွာအုပ်စု ကွန်ကျောင်းကျေးရွာ ရွာဦးကွင်းပြင်၌ တန်ဆောင်မုန်းလကွယ်နေ့ ဒီဇင်ဘာ ၂ ရက် ည ၁၂ နာရီက ကျင်းပသည်။

အသက်အရွယ်ကြီးရင့်သူ ရပ်မိ ရပ်ဖ ငါးဦးတို့က ရှမ်းနှစ်သစ်ကူး မင်္ဂလာစကားများ ဆုတောင်းခွန်းခြွေပြီး ရှမ်းရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက မီးပုံကြီးပတ်လည်၌ မင်္ဂလာရှမ်းတေးသီချင်းများသီဆိုကာ မီးရှူးမီးပန်းများပစ်ဖောက်ခြင်း၊ ကောက်သစ်ကောက်ညှင်းပေါင်းများ ဝေငှကျွေးမွေးခြင်းနှင့် ရိုးရာယဉ်ကျေးမှုအဆို၊ အတီး၊ အကများဖြင့်ရှမ်းနှစ်သစ်မင်္ဂလာ အခါသမယကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။**(အပေါ်ပုံ)**

အလားတူ ရှမ်းနှစ်သစ်ကူးမင်္ဂလာအခမ်းအနားကို ရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီကကြီးမှူးပြီး အောင်မင်္ဂလာ ဘိုးတော်ကျောင်းတိုက်၌ ကျင်းပကြကြောင်း သိရသည်။

**(စိုင်း-သီပေါ)**

# နိုင်ငံတကာစတော့ဈေးကွက် သင်တန်းပို့ချ

**မန္တလေး ဒီဇင်ဘာ ၃**

နိုင်ငံတကာ စတော့ဈေးကွက်တွင် ဝယ်ရောင်းလိုသောသူများ၊ စတော့ရှယ်ယာဝယ်ရောင်းလုပ်လိုသော လုပ်ငန်းရှင်များနှင့် စတော့ပွဲစားလုပ်လိုသော အကျိုးဆောင်ကြီးများအတွက် လုပ်ငန်းဆောင်ရွက်ရာတွင် လွယ်ကူစေရန်နှင့် ဥပဒေပိုင်းဆိုင်ရာ နားလည်တတ်ကျွမ်းစေရန် ရည်ရွယ်လျက် Capacity Development Institute of Myanmar (TIP TOP) မှ "စတော့ရှယ်ယာဈေးကွက်နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ထုံးလုပ်နည်းများ" သင်တန်းကို ဒီဇင်ဘာ ၁၄ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တွင် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး လေးပတ်ကြာ တက်ရောက်ရမည်ဖြစ်သည်။ သင်တန်းချိန်မှာ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီထိဖြစ်ပြီး သင်ကြားပို့ချပေးမည့်ဘာသာရပ်များမှာ ငွေကြေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု သီကောင်းစရာများ၊ ငွေကြေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံတကာစတော့ရှယ်ယာဈေးကွက်အတွင်း ဝင်ရောက်လုပ်ကိုင်ခြင်းအကြောင်း စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **(ဇင်မင်းထွန်း)**


## ယခင်တုကျိုးကျောင်း
## အထက(၃)ကြည့်မြင်တိုင်
## ကျောင်းသားဟောင်းများနှင့် မျိုးဆက်သစ်ကျောင်းသား၊ ကျောင်းသူများ၏ (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲ အစည်းအဝေးဖိတ်ကြားခြင်း

ယခင်တုကျိုးကျောင်း အထက(၃)ကြည့်မြင်တိုင် ကျောင်းသားဟောင်းများနှင့် မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူများ၏ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက် (ပြည်ထောင်စုနေ့)တွင် ကျင်းပမည့် (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲအတွက် အကြိုညှိနှိုင်းဆွေးနွေးကြမည်ဖြစ်ပါ သဖြင့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၇ ရက် မွန်းလွဲ ၂ နာရီတွင် အထက(၃) ကြည့်မြင်တိုင်အစည်း အဝေးခန်းမသို့ မပျက်မကွက် ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့**







## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ်၊ ရွှေမြို့မွေးမြူရေးဇုန်နှင့် ဝန်ကြီးရုံးဝင်းအတွင်း စံပြနို့စားနွားမွေးမြူရေးခြံ ပေ(၆၀×၄၈×၁၂) (Steel Structure ရေမီးအပါအဝင်) (၂)လုံး တည်ဆောက်ရန်ရှိပါသဖြင့် တရားဝင်အသိအမှတ်ပြု လိုင်စင်ရအဖွဲ့အစည်း/ကုမ္ပဏီ/ကန်ထရိုက်တာများထံမှ တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၉-၁၂-၂၀၁၃ ရက် (၁၃:၀၀)နာရီ
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊
နေပြည်တော်

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း စုံစမ်းရန်နှင့် ဤဝန်ကြီးဌာန၏ website ဖြစ်သော www.mlfrd.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ဆောက်လုပ်ရေးလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**ဖုန်း-၀၆၇-၄၀၈၄၆၄၊ ၀၆၇-၄၀၈၂၁၉**










မီးသတိပြု



## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အမျိုးသားဓာတ်ခွဲခန်းအတွက်
## Open Tender ခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ အမျိုးသားဓာတ်ခွဲခန်းအတွက် အောက်ဖော်ပြပါစက်ပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန် ဒေါ်လာ)ဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Transmission Electron Microscope | 1 No |
| (ခ) | Inductively Coupled Plasma Mess Spectrometer | 1 No |
| (ဂ) | Non Destructive Testing<br>Milli-Focus X-ray Industrial Radiography System<br>Micro -Focus X-ray Industrial Radiography System<br>Co-60 Gamma Ray Industrial Radiography System<br>Ultrasonic Non Destructive Testing<br>Magnetic Particle Flow Detector<br>Eddy Current Flow Detector | 1 Set |

၂။ တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး ၂၀-၁၂-၂၀၁၃ ရက် ၁၆:၃၀ နာရီတွင် နောက်ဆုံးထား၍ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**ဖုန်း-၀၆၇-၄၀၄၀၀၇၊ ၀၆၇-၄၀၄၅၀၄**

# လေဒီဂါဂါ၏ ပုံစံတူရုပ်တု တိုကျိုတွင်ထုလုပ်ထား




ကမ္ဘာကျော်တေးသံရှင် လေဒီဂါဂါ၏ခန္ဓာကိုယ်အချိုးအစားအတိုင်း တစ်ပုံစံတည်းတူသည့်ရုပ်တုကို ဂျပန်နိုင်ငံ တိုကျိုမြို့၌ ထုလုပ်ထားရှိပြီး ယင်းအရုပ်ကို ဂျပန်စက်မှုနှင့် ဒီဇိုင်းကုမ္ပဏီတစ်ခုမှ ဂါဂါ၏ ARTPOP အယ်လ်ဘမ်သစ်အတွက်ဂုဏ်ပြုကာ ထုလုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းအရုပ်၏ ရင်ဘတ်ကို ဖိနှိပ်ခြင်းဖြင့် လေဒီဂါဂါ၏ သီချင်းသံနှင့် မက်ဆေ့ချ်သံများကြားနိုင်မည်ဖြစ်ပြီး ယခုအချိန်ထိယင်းအရုပ်ကိုဈေးကွက်အတွင်းသို့ ရောင်းချခြင်းမပြုသေးကြောင်း သိရသည်။

လေဒီဂါဂါသည် ဂျပန်နိုင်ငံတွင် ၂၀၁၁ ခုနှစ်ကဖြစ်ပွားခဲ့သည့်ဆူနာမိဒဏ်ကြောင့်ဒုက္ခခံစားခဲ့ရသူများအတွက် ကယ်ဆယ်ရေးဆိုင်ရာ ပရဟိတလုပ်ငန်းများတွင် အားတက်သရောပါဝင်ခဲ့သူတစ်ဦးဖြစ်ပြီး "ဒီအရုပ်တွေကနေတစ်ဆင့်လိုအပ်နေတဲ့ ရန်ပုံငွေအမြောက်အမြားကို ရှာဖွေပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်၊ ဒီလိုပုံတူရုပ်တု ပြုလုပ်ခြင်းအပေါ်လည်း ဂုဏ်ယူပါတယ်"ဟုပြောကြားခဲ့သည်။

**မျိုးစန္ဒာမောင် စုစည်းသည်**

# ဆက်သွယ်ရေးလွှမ်းခြုံချိတ်ဆက်မှုလျင်မြန်ရေး တာဝါတိုင်များ တည်ဆောက်အကောင်အထည်ဖော်မည်

**စင်ကာပူ ဒီဇင်ဘာ ၃**

Digicel Group နှင့် (Yoma Strategic Holdings Ltd.နှင့် First Myanmar Investment Co.,Ltd. - FMI) တို့ပါဝင်သည့် YSH Finance Ltd. တို့မှ အသစ်ပြန်လည်ဖွဲ့စည်းလိုက်သော Digicel Asian Holdings သည် Ooredoo Myanmar နှင့် သဘောတူစာချုပ်လက်မှတ်ရေးထိုးကာ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်တစ်ဝန်းကမ္ဘာ့အဆင့်မီ ဆက်သွယ်ရေးကွန်ရက်တစ်ခုတည်ဆောက်မည့် Ooredoo ၏ကြိုးပမ်းမှုဖြစ်သည့် ဆက်သွယ်ရေးတာဝါတိုင်များ တည်ဆောက်ရာတွင် အကောင်အထည်ဖော်တည်ဆောက်ငှားရမ်းသွားမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၂ ရက်က ထုတ်ပြန်ကြေညာထားသည်။

မြန်မာနိုင်ငံရှိ Digicel Asian Holdings ၏ ကုမ္ပဏီဖြစ်သည့် Myanmar Tower Company သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၌ တာဝါတိုင်များ တည်ဆောက်ရေးလုပ်ငန်းများ ပထမဆုံးစတင်ဆောင်ရွက်သည့် ဆက်သွယ်ရေးတာဝါတိုင် ကုမ္ပဏီများအနက် တစ်ခုအပါအဝင်ဖြစ်လာပါမည်။ ၎င်း၏ ဘက်စုံငှားရမ်းသည့် (multi-tenancy) တာဝါတိုင်များမှတစ်ဆင့် ဆက်သွယ်ရေး ကုမ္ပဏီအားလုံး၏ မြန်မာနိုင်ငံတစ်ဝန်း ဆက်သွယ်ရေးလွှမ်းခြုံချိတ်ဆက်မှု လျင်မြန်စွာတည်ဆောက်နိုင်ရေး ရည်မှန်းချက်ကိုအကောင်အထည်ပေါ်လာစေမည်ဖြစ်သည်။

အဆိုပါ ကြေညာချက်နှင့်ပတ်သက်ပြီး Digicel Group ၏ Chairman ဖြစ်သူ Mr. Denis O'Brien က "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းမှာ အရည်အသွေးမြင့် ဆက်သွယ်ရေးကွန်ရက်တစ်ခုတည်ဆောက်ပြီး မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်စေဖို့နဲ့ ပြည်နယ်၊ တိုင်းဒေသကြီးတွေ၊ ပြည်ထောင်စုနယ်မြေတွေအားလုံးက မြန်မာနိုင်ငံသားတွေကို အကျိုးဖြစ်ထွန်းစေဖို့အတွက် ကျွန်တော်တို့က Ooredoo နဲ့ ပူးပေါင်းဆောင်ရွက်ရတာကို ဝမ်းမြောက်မိပါတယ်" ဟု ပြောကြားသည်။

Yoma နှင့် FMI ၏ဥက္ကဋ္ဌ Mr. Serge Pun ကလည်း "ဒီနေ့ကြေညာချက်ဟာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ရဲ့ စီးပွားရေးနဲ့ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါတဲ့ ခြေလှမ်းတစ်ရပ်ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ဒေသခံကုမ္ပဏီတစ်ခုအဖြစ် အခုလို ဆောင်ရွက်ခွင့်ရတာကို ဝမ်းသာမိသလို နိုင်ငံတော်အစိုးရ၊ တာဝန်ရှိသူတွေ၊ ဆက်သွယ်ရေးအော်ပရေတာတွေ၊ အခြားဒေသခံကုမ္ပဏီတွေနဲ့ နီးကပ်စွာဆောင်ရွက်သွားနိုင်ဖို့အတွက် မျှော်လင့်မိပါတယ်" ဟု ပြောကြားသွားကြောင်း သိရသည်။

**(လှမြတ်မွန်)**

# မင်းသား ဂျန်ဒေါင်းဂန်၏ ရိုက်ကူးရေးရှိရာသို့ ပရိသတ်များက အစားအစာနှင့် အဝတ်အထည်များပေးပို့



ရုပ်ရှင်ချစ်ပရိသတ်များ၏ တစ်ခဲနက်အားပေးမှုကို ရရှိထားသည့် တောင်ကိုရီးယားကြယ်ပွင့် ဂျန်ဒေါင်းဂန်သည် ၂၀၁၄ ခုနှစ်တွင် ထွက်ရှိမည့် The Crying Man အမည်ရှိ ဒရာမာဇာတ်ကားကို ဘူဆန်မြို့၌ သွားရောက်ရိုက်ကူးလျက်ရှိရာ ၎င်း၏ ပရိသတ်များက အစားအသောက်အခက်အခဲများမရှိစေရေးအတွက် လူ ၁၀၀ စာ အစားအသောက်၊ အဝတ်အထည်နှင့် ကော်ဖီဘူးများကို ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ပရိသတ်များက မင်းသား ဂျန်ဒေါင်းဂန်အတွက် ပေးပို့သည့်အရာများတွင် မင်းသား ဂျန်ဒေါင်းဂန်သာမက ကျန်ရုပ်ရှင်အဖွဲ့သားအားလုံးအတွက်လည်း အသုံးပြုနိုင်ရန် လုံလောက်မှုရှိပြီး ရိုက်ကူးရေးလုပ်ငန်းစဉ်အတွင်း သက်သောင့်သက်သာဖြစ်စေမည့် တီရှပ်များလည်းပါဝင်ကာ ယင်းတီရှပ်များတွင် ဂျန်ဒေါင်းဂန်၏ပုံနှင့် ၎င်း၏အမည်ကို ရေးသားထားကြောင်း သိရသည်။

"ကျွန်တော့်ရဲ့ပရိသတ်တွေဆီက ဒီလိုမျိုးလက်ခံရရှိခဲ့တာ ကျွန်တော် ဝမ်းသာမိသလို အလွန်ခံစားရပါတယ်။ ဒီကရုပ်ရှင်အဖွဲ့သားတွေ အားလုံးကတော့ ပျော်နေကြပါတယ်။ ဒါကြောင့် အလုပ်ကို ဒီထက်ပိုကြိုးစားလုပ်ဆောင်ခြင်းဖြင့် ပရိသတ်တွေရဲ့ ကျေးဇူးတွေကို ပြန်ဆပ်သွားပါ့မယ်"ဟု မင်းသား ဂျန်ဒေါင်းဂန်က ဆိုသည်။

The Crying Man ဇာတ်ကားတွင် ဂျန်ဒေါင်းဂန်က ဝါရင့်ကြေးစားလူသတ်သမား ဂွန်အဖြစ် မင်းသမီး ကင်မ်မင်ဟီးနှင့်အတူ ပါဝင်သရုပ်ဆောင်ထားပြီး ယင်းဇာတ်ကားကို ၂၀၁၄ ခုနှစ်အတွင်း ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၄-၁၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

| | |
|---|---|
| ၅း၄၀ | "အရှုံးပေးမှ အနိုင်ရတယ်" တရားတော် (ဆရာတော် ဘဒ္ဒန္တပညာသာရ) |
| ၆း၄၀ | **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ချစ်သမီးလေး" (အပိုင်း-၃၀) |
| ၉း၅၀ | ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၏ တိုင်းရင်းသားရိုးရာဓလေ့ကပွဲ၊ တိုင်းရင်းဇေကရီရွှေချယ်ပွဲနှင့် ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနား |
| ၁၀း၀၀ | ခေတ်သစ်ပျို့မေ |
| ၁၀း၅၀ | **SEA Games Program** |
| ၁၁း၀၀ | ဟင်းချက်ရအောင် |
| ၁း၀၀ | "အရှုံးပေးမှ အနိုင်ရတယ်" တရားတော် (ဆရာတော် ဘဒ္ဒန္တပညာသာရ) |
| ၇း၂၀ | မြန်မာ့ရုပ်သံဇာတ်လမ်းတွဲ "ပန်းနုသွေး" (အပိုင်း-၁၈) |
| ၉း၀၅ | **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲသွားသော နှလုံးသား" (အပိုင်း-၁၄) |
| ၉း၄၅ | **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ပင်လယ်ပျော်ချစ်သူလေး" (အပိုင်း-၂၀) |
| ၁၀း၂၅ | **Let's Talk** |
| ၂း၄၅ | ကဏ္ဍစုံလင် အားကစားအစီအစဉ် |
| ၄း၄၅ | အလှဆင်စရာ ပရိဘောဂကမ္ဘာ **(Panbayin Handicrafts & Furniturc)** |












# စီးရီးအေရင်ခုန်သံ – ၁၅

ရှိုင်းမင်းမင်း

***စီးရီးအေပွဲစဉ် ၁၅ ကိုဒီဇင်ဘာ ၇၊ ၈၊ ၉ နေ့တွေမှာ ကျင်းပ သွားဖို့ရှိပါတယ်။ ဒီပွဲစဉ်မှာ ရိုးမားနဲ့ ဖီယိုရင်တီးနားဆုံတွေ့တဲ့ ပွဲပါဝင်နေလို့ အကြိတ်အနယ်ရှိမှာဖြစ်ပြီး အင်တာမီလန်ကလည်း နာပိုလီနဲ့ဆုံတွေ့နေလို့ စိတ်ဝင်စားဖို့ကောင်းပြီး စောင့်ကြည့်ချင်စရာပွဲစဉ် တစ်ခုဖြစ်နေပါတယ်။***

**ဘိုလော့နာ - ဂျူဗင်တပ် နံနက် ၂း၁၅ (၇-၁၂-၁၃)**

ဘိုလော့နာဟာ လက်ရှိအချိန်မှာ နောက်ဆုံးလေးပွဲဆက်အနိုင်မရခဲ့ဘဲ ခြေပျက်နေပါတယ်။ ဂျူဗင်တပ်က ခုနောက်ပိုင်းမှာ ခြေစွမ်းပိုင်းကောင်းမွန်လာတာမှန်ပေမယ့် ချန်ပီယံလိဂ်ဖိအားရှိနေတာကို သတိပြုရမယ်။ ဒါကြောင့် ဒီပွဲမှာ ဂျူဗင်တပ်နိုင်မယ်ဆိုရင်တောင် မပြတ်သားနိုင်ဘူး။

**လီဗော်နို - အေစီမီလန် ည ၁၁း၃၀ (၇-၁၂-၁၃)**

အေစီမီလန်အတွက် အမှတ်တွေလိုအပ်နေပါတယ်။ ဒါကြောင့် ချန်ပီယံလိဂ်ရှိပေမယ့် ဒီပွဲကိုအားစိုက်လာမှာပါ။ လီဗော်နိုက အိမ်ကွင်းဖြစ်ပေမယ့် သုံးပွဲဆက်ရှုံးခဲ့ရတဲ့ ခြေအရ အားပျော့မှုတွေ များနေပါတယ်။ ဒါကြောင့် အေစီမီလန်တို့ အဝေးကွင်းမှာ ကပ်ပြီးအနိုင်ရသွားဖို့ ရှိတယ်။

**နာပိုလီ - အူဒီးနီးစ် နံနက် ၂း၁၅ (၈-၁၂-၁၃)**

နာပိုလီနိုင်ပွဲလိုအပ်နေပါတယ်။ ဒါပေမယ့် ချန်ပီယံလိဂ်ကစားရဖို့ရှိတယ်။ အဲဒီချန်ပီယံလိဂ်ကလည်း အမှားခံလို့မရတဲ့ အနေအထားမှာရှိတယ်။ အူဒီးနီးစ်ကလည်း ကစားအားမဆိုးတာကြောင့် နာပိုလီတို့ သရေလောက်ပဲ ရဖို့ရှိပါတယ်။

**ရိုးမား - ဖီယိုရင်တီးနား ည ၆း၀၀ (၈-၁၂-၁၃)**

လေးပွဲဆက်သရေကျခဲ့မှုက ရိုးမားအတွက်တွန်းအားဖြစ်လာမှာပါ။ ဖီယိုရင်တီးနားက ယူရိုပါလိဂ်ရှိနေတာကို သတိပြုရမယ်။ ဖီယိုရင်တီးနားအနေနဲ့ အဝေးကွင်းမှာဆိုရင်လည်း ခြေစွမ်းပိုင်းအနည်းငယ် အားပျော့တတ်တာကြောင့် ရိုးမားတို့အိမ်ကွင်းမှာ ဖိအားပေးနိုင်မှာပါ။ ရိုးမားတို့ ကပ်ပြီးအနိုင်ရနိုင်တယ်။

**ကာဂလီယာရီ - ဂျီနိုအာ ည ၈း၃၀ (၈-၁၂-၁၃)**

ကယ်ဂလီယာရီက သုံးပွဲဆက်မရှုံးဘူးဆိုပေမယ့် အဆိုပါသုံးပွဲမှာ တစ်ပွဲပဲနိုင်ပါတယ်။ ဂျီနိုအာနောက်ဆုံး ငါးပွဲဆက်အရှုံးမရှိခဲ့ပါဘူး။ ကာဂလီယာရီတို့ အိမ်ကွင်းဖြစ်လို့ အားစိုက်လာမှာဖြစ်ပေမယ့်လည်း ဂျီနိုအာကို အသာရဖို့ခက်ပြီး အိမ်ကွင်းမှာ သရေလောက်ပဲ ကစားနိုင်ဖို့ ရှိပါတယ်။

**ဗီရိုနာ - အတ္တလန္တာ ည ၈း၃၀ (၈-၁၂-၁၃)**

ဗီရိုနာဟာ သုံးပွဲဆက်ရှုံးပြီးခြေကျနေပါတယ်။ အတ္တလန္တာက နောက်ဆုံး ငါးပွဲမှာတစ်ပွဲသာ အနိုင်ရထားတာကို သတိပြုရမယ်။ ဒါကြောင့် ဒီပွဲဟာ ခြေကွာဟချက်ကျဉ်းမြောင်းမှုရှိပါတယ်။ ဒါပေမယ့် ဗီရိုနာက အိမ်ကွင်းအားရှိတာကြောင့် ဒီပွဲမှာတော့ သရေလောက် ကစားသွားဖို့ရှိပါတယ်။

**ဆမ့်ဒိုးရီးယား - ကာတာနီးယား ည ၈း၃၀ (၈-၁၂-၁၃)**

ဆမ့်ဒိုးရီးယားဟာ နောက်ဆုံး ငါးပွဲဆက်တိုက် အနိုင်မရခဲ့ပါဘူး။ ဒါပေမယ့် နောက်ဆုံးနှစ်ပွဲမှာ မရှုံးခဲ့တာကိုတော့ သတိပြုရမယ်။ အိမ်ကွင်းလည်းဖြစ်တယ်။ ကာတာနီးယားကလည်းနောက်ဆုံး ငါးပွဲမှာ လေးပွဲတိတိရှုံးထားတဲ့ အသင်းဖြစ်လို့ ဒီပွဲမှာတော့ ဆမ့်ဒိုးရီးယားနဲ့ပဲ ရပ်တည်ရမယ်။

**ဆာစူအိုလို - ခီယေဗို ည ၈း၃၀ (၈-၁၂-၁၃)**

နောက်ဆုံး လေးပွဲဆက်တိုက် အရှုံးမရှိခဲ့တဲ့ ဆာစူအိုလိုရဲ့ခြေကို သတိပြုရမှာပါ။ အိမ်ကွင်းလည်းဖြစ်နေတယ်။ ဒါပေမယ့် ခီယေဗိုကလည်း နောက်ဆုံး လေးပွဲဆက် အရှုံးမရှိခဲ့ဘဲ နောက်ဆုံး နှစ်ပွဲဆက်လည်း အနိုင်ရခဲ့တဲ့ အထိခြေငြိမ်နေတယ်။ အိမ်ကွင်းဖြစ်ပေမယ့် ဆာစူအိုလို အမြင့်ဆုံး သရေပဲရမယ်။

**တိုရီနို - လာဇီယို ည ၈း၃၀ (၈-၁၂-၁၃)**

တိုရီနိုက နောက်ဆုံး ငါးပွဲမှာ တစ်ပွဲသာရှုံးတဲ့အထိ ခံကစားအားကောင်းတယ်။ ပြီးတော့ အိမ်ကွင်းလည်း ဖြစ်နေတယ်။ လာဇီယိုက နောက်ဆုံးလေးပွဲဆက် အနိုင်မရခဲ့တာကို သတိပြုရမယ်။ ဒါကြောင့် ဒီပွဲမှာတော့ အိမ်ရှင်တိုရီနိုရဲ့ ရုန်းကန်အားနဲ့ပဲ အရဲစွန့်ရဖို့ရှိနေပါတယ်။ ဂိုးနည်းမယ်။

**အင်တာ - ပါးမား နံနက် ၂း၁၅ (၉-၁၂-၁၃)**

နှစ်ပွဲဆက်သရေကျမှုကို အင်တာမီလန်တို့ ချေဖျက်နိုင်ဖို့ ကြိုးစားလာမှာပါ။ အိမ်ကွင်းလည်းဖြစ်နေတာကို သတိပြုရမယ်။ ပါးမားက သုံးပွဲဆက် အရှုံးမရှိခဲ့တာမှန်တယ်။ ဒါပေမယ့် အဝေးကွင်းမှာဆိုရင် စိတ်မချရဘူး။ နိုင်ပွဲပြန်လည်ရှာဖွေမယ့် အင်တာမီလန်ရဲ့ အိမ်ကွင်းအားနဲ့ပဲ ရပ်တည်ရမယ်။

# ဝက်စ်ဘရွန်းတိုက်စစ်မှူးဘီရာဟီနို အသင်းနှင့် စာချုပ်သစ်ချုပ်ဆို တစ်ပတ်လုပ်ခလစာ ပေါင် ၂၀၀၀၀ ရရှိမည်



ပရီမီယာလိဂ်ကလပ် ဝက်စ်ဘရွန်းအသင်း၏ အားထားရသော ကစားသမားတစ်ဦးဖြစ်သည့် တိုက်စစ်မှူး ဘီရာဟီနိုသည် လက်ရှိကလပ် ဝက်စ်ဘရွန်းအသင်းနှင့် သုံးနှစ်ခွဲ သက်တမ်းရှိစာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုခဲ့ခြင်းကြောင့် ၎င်း၏ တစ်ပတ်လုပ်ခလစာသည် ပေါင် ၂၀၀၀၀ ရရှိမည်ဖြစ်သည်။

အင်္ဂလန်ယူ-၂၁ ကြယ်ပွင့် ဘီရာဟီနိုသည် ယခင်က တစ်ပတ်လျှင် ပေါင် ၈၅၀ သာရရှိခဲ့ပြီး ယခုနှစ်ဘောလုံးရာသီတွင် ဝက်စ်ဘရွန်းအသင်းအတွက် ၁၂ ဂိုးအထိသွင်းယူထားနိုင်ခဲ့သူဖြစ်သည်။ တိုက်စစ်မှူး ဘီရာဟီနို၏ ခြေစွမ်းကောင်းမွန်မှုကြောင့် ပရီမီယာလိဂ်၏ အခြားအသင်းများဖြစ်သည့် အာဆင်နယ်၊ ချယ်လ်ဆီးနှင့် အဲဗာတန်အသင်းတို့၏ စိတ်ဝင်စားမှုကို ခံခဲ့ရသော်လည်း လက်ရှိတွင် ဝက်စ်ဘရွန်းအသင်းနှင့် စာချုပ်သစ်ထပ်တိုးချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဘီရာဟီနိုသည် အသက်(၂၀)အရွယ်တွင် ဝက်စ်ဘရွန်းပထမအသင်း၌ ပါဝင်ကစားခွင့်ရရှိခဲ့သည့် ပထမဆုံးကစားသမားတစ်ဦးဖြစ်ခဲ့ပြီး ဩဂုတ် ၂၇ ရက်က နယူးပို့အသင်းနှင့် ကစားခဲ့သည့် ကက်ပီတယ်ဝမ်းဖလားပြိုင်ပွဲ တတိယအဆင့်ပွဲစဉ်တွင် ဝက်စ်ဘရွန်းအသင်းက သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ရာတွင် ဝက်စ်ဘရွန်းအသင်းအတွက် သွင်းဂိုး သုံးဂိုးစလုံးကို သွင်းယူပေးခဲ့သည့် ကစားသမားဖြစ်သည်။

## ဘောလုံးလောက သတင်းတိုများ

ဌေးကြည်

- အာဆင်နယ်အသင်းသည် ဝက်စ်ဘရွန်းကွင်းလယ်လူ မူလမ်ဘူအား လာမည့်ဇန်နဝါရီအပြောင်းအရွှေ့တွင် ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်းသိရသည်။
- *နည်းပြမာတင်ဂျိုးသည် ဖူလ်ဟမ်အသင်း၏ ထုတ်ပယ်ခြင်းကို ခံခဲ့ရပြီးနောက် ဖူလ်ဟမ်အသင်းထံမှ ပေါင် ၈၂၀၀၀၀ ရရှိဦးမည်ဖြစ်ကြောင်း သိရသည်။*
- အင်္ဂလန် ယူ-၂၁ အသင်းနည်းပြဟောင်း စတုအာ့ပီယာစီသည် ရှက်ဖီးဝက်နက်စ်ဒေးအသင်းအား တာဝန်ယူကိုင်တွယ်ရန် ဆန္ဒရှိနေကြောင်း သိရသည်။
- *အီတလီစီးရီးအေကလပ် ရိုးမားအသင်းသည် ပီအက်စ်ဂျီကွင်းလယ်လူ ဂျာဗီယာပက်စတိုးအား စိတ်ဝင်စားလျက်ရှိပြီး ဇန်နဝါရီအပြောင်းအရွှေ့တွင် ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။*
- ချယ်လ်ဆီးတိုက်စစ်မှူးဟောင်း အက်ဒရီယန်မူတူးသည် ဇန်နဝါရီအပြောင်းအရွှေ့တွင် လက်ရှိပြင်သစ်ကလပ် အေဂျက်စီယိုအသင်းမှ ထွက်ခွာကာ ရိုမေးနီးယားကလပ် ပက်ထရိုလူးလ်အသင်းသို့ ပြောင်းရွှေ့ကစားရန်ရှိနေကြောင်း သိရသည်။
- *မန်စီးတီးတိုက်စစ်မှူး အဂူရိုသည် ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့လိမ့်မည်မဟုတ်ကြောင်း မန်စီးတီးအသင်း နည်းပြ ပယ်လီဂရီနီက ဖွင့်ဟပြောကြားခဲ့ကြောင်း သိရသည်။*





## ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားသို့တက်ရောက်အားပေးကြည့်ရှုနိုင်ပါရန် အလှူရှင်များအား ဖိတ်ကြားခြင်း

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ၁၁-၁၂-၂၀၁၃ရက်တွင်လည်းကောင်း၊ ပိတ်ပွဲအခမ်းအနားကို ၂၂-၁၂-၂၀၁၃ရက်တွင်လည်းကောင်း နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပမည်ဖြစ်၍ တက်ရောက်အားပေးကြည့်ရှုနိုင်ရေးအတွက် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကျင်းပရေးတွင် အဘက်ဘက်မှ ပါဝင်လှူဒါန်းခဲ့သော အလှူရှင်များကို ဖိတ်ကြားအပ်ပါသည်။ တက်ရောက်အားပေးကြည့်ရှုမည့် အလှူရှင်များသည် အောက်ပါအချက်အလက်များနှင့်အတူ ၆-၁၂-၂၀၁၃ရက်နောက်ဆုံးထားပြီး ဖွင့်ပွဲ၊ ပိတ်ပွဲကျင်းပရေးကော်မတီ၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၅)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၄၅၄၊ ၀၆၇-၄၀၈၁၆၄၊ ၀၃၂-၃၀၁၂၇၊ Fax ၀၃၂-၃၀၁၆၇၊ ဦးအောင်ဆန်းဦး(ပါမောက္ခ) ဖုန်း-၀၉-၈၃၀၃၁၉၁၊ aungsanoomoc @ gmail.com သို့ ပေးပို့ပါရန် ဖိတ်ကြားအပ်ပါသည်-

(က)အမည်၊ (ခ) မှတ်ပုံတင်အမှတ်၊ (ဂ) နေရပ်လိပ်စာ၊(ဃ) ၁½" × ၂" အရွယ်အစား Passport ဓာတ်ပုံ Soft copy၊ (င) ကုမ္ပဏီ(သို့မဟုတ်)လုပ်ငန်းအမည်။

ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရန်
ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီ၊ ယဉ်ကျေးမှုဝန်ကြီးဌာန

မူးယစ်ဆိုက ဆန့်ကျင်ကြ







### အမည်ပြောင်း

မ/ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်နေ (အဖ) ဦးခင်ဇော် [၁၂/မရက(နိုင်) ၀၆၅၁၇၂] ၏သား မောင်နေလင်းဖြိုးအား မောင်နိုင်သီဟဖြိုးဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

### ကြယ်ဝန်းစံ

အိမ်၊ခြံ၊မြေအကျိုးဆောင်

ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းမြေကွက်များ ဝယ်လိုသည်။

ဖုန်း-၀၉ ၂၅၀၅၀၁၁၂၀




### ပြင်ဆင်ဖတ်ရှုပါရန်

၃-၁၁-၂၀၁၃ရက် ကြေးမုံသတင်းစာစာမျက်နှာ ၂၀ ပါ ဒဂုံမြောက်မြို့နယ် မြေတိုင်းရပ်ကွက်(၃၁)၊ မြေကွက်အမှတ်(၄၈၈)၊ မြေကွက်တည်နေရာ အမှတ် (၄၈၈)၊ ဇေယျာသီရိလမ်း၊ (၃၁)ရပ်ကွက်ပါကြော်ငြာတွင် ဒေါ်နော်သောင်းတင် [၇/ သဝတ(နိုင်)၀၁၀၄၀၅]ဟု ပြင်ဆင်ဖတ်ရှုပါရန်။

# ဆီးဂိမ်းအားကစားပွဲတော်ကြိုဆို လူထုအားကစားပွဲကျင်းပ

**ပုသိမ် ဒီဇင်ဘာ ၃**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ကြိုဆိုဂုဏ်ပြု၍ ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်အားကစားကော်မတီမှ ဒေသခံဖွံ့ဖြိုးစည်ပင်ရေးအဖွဲ့နှင့် ပူးပေါင်းကျင်းပသော ဒီဇင်ဘာ လူထုအားကစားပွဲတော်ကိုပုသိမ်မြို့ အမှတ်(၄)ရပ်ကွက် ရွှေစေတီကွန်ကရစ်လမ်းမကြီး၌ ဒီဇင်ဘာ၁ ရက်က ကျင်းပရာ**(ယာပုံ)** မြို့နယ် အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကို၊ ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်အောင်(ဇမ္ဗူထွန်း)၊ အတွင်းရေးမှူး ဦးဝင်းမြိုင်(ဆိပ်ကမ်းအာဏာပိုင်)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တက်ရောက်လာကြသော ဒေသခံအားကစားသမားများ၊ မီးသတ်ဦးစီးဌာန၊ ဆိပ်ကမ်းအာဏာပိုင်ဝန်ထမ်းမိသားစုများ၊ ပန်းခြံလမ်းမြို့မဈေးကြီးမိသားစုများက အလွတ်တန်းဂိုးကျဉ်းဘောလုံးပြိုင်ပွဲ၊ မကြီးထုတ်ဆီးတိုးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ မီတာ ၁၀၀၊ မီတာ ၅၀ ကျား/မ အပြေးပြိုင်ပွဲ၊ မီတာ ၅၀ ကျားလတ် အလံကိုင် လက်ဆင့်ကမ်းအပြေးပြိုင်ပွဲ၊ မီတာ ၅၀ ကျား/မ မုန့်စားပြိုင်ပွဲများအား တပျော်တပါး ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။ **(ပုသိမ်လှကြည်)**



# ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒိုက်ဦးမြို့နယ် ရဲစခန်းရှိ အချုပ်ခန်းအားကြည့်ရှုစစ်ဆေး

**ပဲခူး ဒီဇင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးမောင်မောင်ရွှေသည် ပဲခူးခရိုင်တရားသူကြီး၊ ဒိုက်ဦးမြို့နယ် တရားသူကြီးတို့ လိုက်ပါလျက် နိုဝင်ဘာ ၂၉ ရက် နံနက် ၉ နာရီခွဲတွင် ဒိုက်ဦးမြို့နယ်ရဲစခန်းရှိ အချုပ်ခန်းအား ကြည့်ရှုစစ်ဆေးပြီး အချုပ်သားများ ဥပဒေပါအခွင့်အရေးရရှိခြင်းရှိ၊ မရှိ၊ ကျန်းမာရေးအခြေအနေနှင့်နေထိုင်စားသောက်မှု လုံလောက်သင့်တင့်မှုတမှုရှိ၊ မရှိ စသည်တို့ကို စစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန် အချက်များအား မှာကြားခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(IPRD)**

# ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၃**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ် (၁၉) ရပ်ကွက် သမစိတ္တလမ်းနှင့် အောင်တမန်လမ်းတို့တွင် ကလေးသူငယ်တချို့ သွေးလွန်တုပ်ကွေးရောဂါများ ဖြစ်ပွားလျက်ရှိသဖြင့် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့မှ တာဝန်ရှိသူများက ခြင်ဆေးဖျန်းခြင်း၊ အဘိတ်ဆေးခတ်ခြင်းများ ဆောင်ရွက်ကာ အခါမလပ် ကျန်းမာရေး စောင့်ရှောက်မှုများပေးလျက်ရှိရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေလင်း(လှိုင်သာယာမြို့နယ် မဲဆန္ဒနယ်အမှတ်-၂)၊ ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမြင့်အေး၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူး၊ ဒေသဖွံ့ဖြိုးရေး အထောက်အကူပြု အဖွဲ့မှ တာဝန်ရှိသူများက ရေစီးရေလာကောင်းမွန်ရေးအတွက် ဒီဇင်ဘာ ၁ ရက်က စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



**မင်းထက်ပိုင်(လှိုင်သာယာ)**

# ငွေချည်(၆)ဝါ အောင်မြင်ဖြစ်ထွန်းမှု ဆင်ပေါင်ဝဲမြို့နယ်၌ ရှင်းလင်းပြသ

**ဆင်ပေါင်ဝဲ ဒီဇင်ဘာ ၃**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ် အမှတ်(၃)ရပ်ကွက် ကွင်းအမှတ်(၃/ဃ)တောင်သူ ဦးပေါက်စိတ်၏ မိုးနှောင်းငွေချည်(၆)ဝါမျိုးသန့်မျိုးပွား (GAP) စံပြငါးဧကစိုက်ကွင်းတွင် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှကြီးမှူး၍ တောင်သူများအား ပညာပေးကွင်းသရုပ်ပြပွဲ (FIELD DAY) ပြသခြင်းအခမ်းအနားကို နိုဝင်ဘာ ၂၉ ရက် နံနက် ၉ နာရီက ကျင်းပရာ ဆင်ပေါင်ဝဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်၊ မြို့နယ်စိုက်ပျိုးသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးစိုးတင့်နှင့်ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ် စိုက်ကြပ်အဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဝင်များ၊ ဝါစိုက်တောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဆင်ပေါင်ဝဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်က အမှာစကားပြောကြားရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် တောင်သူများ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍဆောင်ရွက်ပေးလျက်ရှိသော အခြေအနေများကိုအကျယ်တဝင့် ရှင်းလင်းတင်ပြပြီး မြို့နယ်စိုက်ပျိုးသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးတင့်က ငွေချည်(၆)ဝါ တစ်ဧက ပိဿာ ၁၀၀၀နှင့်အထက် ထွက်ရှိအောင် စိုက်ပျိုးထားရှိမှု၊ စနစ်တကျစိုက်ပျိုးနည်းစနစ် ၁၀ ချက်အတိုင်း လိုက်နာထားရှိမှုကြောင့် အောင်မြင်ဖြစ်ထွန်းနေမှုများကို ရှင်းလင်းတင်ပြပြီး (GAP) စိုက်စနစ်ကြောင့် စိုက်ပြီးရက် ၉၀ တွင် တစ်ဧကပျမ်းမျှဝါအပင် ၁၃၅၉၀ ရှိ၍ တစ်ပင်ပျမ်းမျှ ဝါသီး ၃၂ လုံးရှိနေပြီဖြစ်သဖြင့် တစ်ဧက ၁၀၀၇ ပိဿာထွက်ရှိနိုင်ကြောင်း သိရသည်။ **(ကိုကိုအောင်)**

**C.N.G Taxi**
**နေ့မောင်းတစ်လက်ကိုင်**
AA(၂)စီး၊ MARK II, 99
L.TOURING
စပေါ် (၃)သိန်း
အုံနာကြေး (၁၆၀၀၀)ကျပ် (ငြိမ်း)
**ပုဇွန်တောင်မြို့နယ်**
**ဖုန်း - ၀၉-၅၅၀၃၁၄၁**










## ဝန်ထမ်းအလိုရှိသည်

**အရောင်းစာရေးမ(ဘွဲ့ရ)** **မ (၂) ဦး**

မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ဓာတ်ပုံတစ်ပုံနှင့်အတူ။

**ရွှေနဂါးပလက်တီနမ်ဆိုင်**
**(01/02)၊ လမ်းမတော်ပလာဇာ၊ လမ်းမတော်လမ်း၊**
**သံဈေးအနီး၊ လသာမြို့နယ်၊ ရန်ကုန်မြို့။**



# အရာတော်မြို့နယ် ကျေးလက်နေပြည်သူများ စကိုင်းနက်ရုပ်သံကြည့်ရ၍ ဝမ်းသာပီတိဖြစ်

**အရာတော် ဒီဇင်ဘာ ၃**

ကျေးလက်နေပြည်သူများ အသိပညာ၊ အတတ်ပညာများ တိုးပွားလာစေရန်ရည်ရွယ်ချက်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် ဝက်ခဲကျေးရွာ ပညာတံခွန်စာကြည့်တိုက်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအစီအစဉ်ဖြင့် စကိုင်းနက်ရုပ်မြင်သံကြားဖမ်းစက်အား တပ်ဆင်ပေးခဲ့သည်။

ကျေးလက်နေပြည်သူများ စာပေလေ့လာဖတ်ရှုရုံသာမက နိုင်ငံတကာ၏ တိုးတက်အောင်မြင်နေမှုများကို မြင်တွေ့ လေ့လာသင်ယူနိုင်ရန်အတွက် တပ်ဆင်ပေးခဲ့ခြင်းဖြစ်သည်။ ယခုကဲ့သို့ စကိုင်းနက်ရုပ်မြင်သံကြားစက်အား လာရောက်တပ်ဆင်ပေးမှုကြောင့် ကျေးလက်နေလူကြီးလူရွယ်များပါမကျန် လာရောက်ကြည့်ရှုကြပြီး အသိပညာ၊ အတတ်ပညာများ တိုးပွားကာ လူမှုစီးပွားလုပ်ငန်းစဉ်များ တိုးတက်လုပ်ကိုင်နိုင်မည်ဖြစ်၍ ဝမ်းသာဂုဏ်ယူ ပီတိဖြစ်မိပါကြောင်း ကျေးရွာသူကျေးရွာသားများ၏ ကိုယ်စား စာကြည့်တိုက် ကော်မတီအဖွဲ့ဝင် ဦးမြင့်ကပြောကြားခဲ့သည်။

**(မြို့နယ်ပြန်/ဆက်)**

# သန်းခေါင်စာရင်းကောက်ယူရေး ရှင်းလင်းဆွေးနွေး

**ပဲခူး ဒီဇင်ဘာ ၃**

၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာ ဆွေးနွေးဟောပြောပွဲကို ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်စိတ္တသုခခန်းမ၌ နိုဝင်ဘာ ၂၈ ရက် မွန်းလွဲ ၂ နာရီကကျင်းပရာ ပဲခူးခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးသန်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူးဦးရဲရင့်ထွန်းက ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ရှင်းလင်းဟောပြောကြောင်းသိရသည်။ **(ခရိုင်ပြန်/ဆက်)**



# မန္တလေးမြို့ရှိ ရွှေကျောင်းကြီးတွင် ဆေးလိပ်မသောက်ရ သတိပေးဆိုင်းဘုတ်များချိတ်ဆွဲ

**မန္တလေး ဒီဇင်ဘာ ၃**

မန္တလေးမြို့တွင်နိုင်ငံခြားသား ခရီးသွားဧည့်သည်များ လာရောက်မှုအများဆုံးထဲမှ တစ်ခုဖြစ်သည့် ရွှေကျောင်းကြီးတွင် "No Smoking" ဆေးလိပ်မသောက်ရသတိပေးဆိုင်းဘုတ်ကြီးများ စတင်ချိတ်ဆွဲထားကြောင်း သိရသည်။ ထိုသို့ချိတ်ဆွဲရခြင်းမှာ မန္တလေးရွှေကျောင်းကြီးသို့ လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသားခရီးသွားဧည့်သည်များသည် ရွှေကျောင်းကြီး ပရိဝုဏ်အတွင်းတွင် ခေတ္တအနားယူစဉ် ဆေးလိပ်သောက်ကြသဖြင့် မတော်တဆ ဆေးလိပ်မီးမငြိမ်းသတ်လျှင် မီးလောင်မည်ကိုစိုးရိမ်၍ လုပ်ဆောင်ရခြင်းဖြစ်ပြီး ယခင်က "No Smoking" ဆိုင်းဘုတ်များမှာ အရွယ်အစား သေးငယ်သောကြောင့် ယခုကဲ့သို့ပြုလုပ်ခြင်းဖြစ်ကြောင်းလည်းသိရသည်။

**သီဟကိုကို(မန္တလေး)**

# မြစ်သားကြက်သွန်စိုက်ပျိုးတောင်သူများ ကြက်သွန်ခင်းများစိုက်ပျိုးပြီးစီး

**မြစ်သား ဒီဇင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်နှင့် ကျောက်ဆည်မြို့နယ် အနောက်ဘက်ခြမ်းရှိ မြစ်သားမြို့နယ်နှင့်နယ်နိမိတ်ချင်းထိစပ်ရာဒေသများသည် မြန်မာနိုင်ငံ၏ ကြက်သွန်စိုက်ပျိုးထုတ်လုပ်ရာအဓိကဒေသများအနက်မှ တစ်ခုဖြစ်သည်ဟုသိရသည်။

ယခုအခါ၂၀၁၃-၂၀၁၄ ကြက်သွန်စိုက်ရာသီအတွက် ကြက်သွန်စိုက်ခင်းများအားလုံး စိုက်ပျိုးမှုပြီးစီးပြီဖြစ်ကြောင်း၊ အစောပိုင်းစိုက်ခင်းများမှာ မုတ်သုံမိုးများ ဆုတ်ခွာသွားပြီး နောက်ပိုင်း မာန်သေစပြုနေပြီဖြစ်ကြောင်း၊ မကြာမီလှိုင်လှိုင်ပေါ်တော့မည်ဖြစ်ကြောင်း၊ နောက်ဆွဲစိုက်ပျိုးသူများမှာလည်း နိုဝင်ဘာလကုန်ပိုင်းတွင် အပြီးစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

"ဒီနှစ်က မိုးကောင်းတော့ ချိုင့်ကျတဲ့အပိုင်းတွေမှာ ရေအိုင်ပြီး အနည်းငယ်ပျက်စီးခဲ့ပေမယ့် အချိန်မီ ပြန်စိုက်နိုင်ခဲ့ကြပါတယ်၊ မနှစ်ကထက် အထွက်နှုန်းပိုလိမ့်မယ်လို့ထင်ပါတယ်၊ မနှစ်ကထက်လည်း ဥကြီးမယ်လို့ မျှော်လင့်ရပါတယ်၊ အရင်နှစ်တွေကလို တစ်ပြိုင်နက်ပေါ်တာမျိုး မဟုတ်တော့ ဈေးထိုးကျသွားတာမျိုးမဖြစ်နိုင်လို့ ဒီနှစ်ကြက်သွန်ပေါ်ချိန်မှာအထိုက်အလျောက် အကျိုးခံစားရလိမ့်မယ်လို့ ထင်ပါတယ်၊ နောက်ဆွဲစိုက်တဲ့စိုက်ခင်းတွေက ဆက်ပေါ်နေမှာဖြစ်လို့နောက်ပိုင်းမှာ ကြက်သွန်ဈေးတော်တော်နဲ့မတက်နိုင်ဘဲ ဈေးငြိမ်လိမ့်မယ်လို့ ခန့်မှန်းရပါတယ်၊ နိုင်ငံခြား (Export)လုပ်မယ်ဆိုရင်တော့ အခြေအနေက ခန့်မှန်းလို့မရဘူးပေါ့ဗျာ" ဟု မြစ်သားမြို့နယ် ကသည်းကုန်းရွာမှ ဒေသခံတစ်ဦးက ပြောသည်။

**အောင်မင်း-စဥ့်ကိုင်**



**မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ်သက်ကြီးပညာရှင်များ ပူဇော်ကန်တော့ပွဲသို့ တက်ရောက်နိုင်ခြင်းမရှိသော ပဲခူးမြို့မှ သက်ကြီးစာပေပညာရှင်ဆရာကြီး ဦးအောင်ညဏ်(ဥဿာဆရာအို)ထံ ပဲခူးတိုင်းဒေသကြီး သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးစိန်လှိုင်(စိန်လှိုင်ဗိုလ်)က ပူဇော်ငွေနှင့် ကန်တော့ပစ္စည်းများကို ဒီဇင်ဘာ ၂ ရက်က အိမ်တိုင်ရာရောက် ပေးအပ်ပူဇော်စဉ်။** (သုတ-ပဲခူး)


"မွေးနေ့မင်္ဂလာဆုတောင်းလွှာ"

ဒေါ်အိမ့်အိမ့်အောင် (M.D)(HAPPY ZONE ကလေးကျောင်း) ၏
(၄-၁၂-၂၀၁၃)ရက်နေ့တွင် ကျရောက်သော မွေးနေ့ မင်္ဂလာမှသည်
နောင်နှစ်ပေါင်း(၁၂၀)တိုင်အောင် ကျန်းမာသားရေး ... နှင့်အတူ
ပျော်ရွှင်ချမ်းမြေ့စွာ လက်တွဲနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

HAPPY ZONE



**ငွေရတုမှသည်ရာပြည့်ကျော်ပါစေသား**

မြိတ်မြို့နေ ဖေဖေ **ဦးတိုးဦး**နှင့် မေမေ **ဒေါ်ဖြူဖြူစိန်**တို့၏ ၄-၁၂-၂၀၁၃ ရက်တွင် ကျရောက်သော (၂၅)နှစ်ပြည့် ငွေရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းတစ်ရာကျော်တိုင်သည်အထိ ရွှေလက်ခိုင်ခိုင်လက်တွဲ၍ ပြီးပြည့်စုံသော ဘဝခရီးလမ်းကို ချစ်သမီး၊ ချစ်သားနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ အတူလျှောက်လှမ်းနိုင်ပါစေ။

**ချစ်သမီးကြီး- သက်ထားဆွေဇင် (ပထမနှစ်ဂုဏ်ထူးတန်း ရူပဗေဒ)**
**ချစ်သားငယ်- ဇော်ရဲနိုင် (Grade -11 OIAC)**
**ကိုယ်ပိုင်အထက်တန်းကျောင်း**



KING STAR
20000Ks
Graphic Design
Video Editing
AutoCAD 2D,3D



ဆိုင်ပြောင်းရွှေ့ဖွင့်လှစ်ခြင်း

"BENZER Style"



မြေကွက်ဝယ်လိုသည်
ဒဂုံမြို့သစ်
09 31268183
09 31589922



Seven စံ

ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်းရှိ မြေကွက်များ ရောင်းလို၊ ဝယ်လိုသူများ ဆက်သွယ်နိုင်ပါသည်။ အိမ်အရောက် ငွေပေးချေသည်။ ပွဲခပေးရန်မလိုပါ။

**ဖုန်း- ၀၁-၂၀၅၇၄၈၊ ၀၉-၇၃၁၁၉၀၉၉၊ ၀၉-၃၁၇၁၅၂၄၇**


**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ယမုံနာ(၂)၊ မြေကွက်အမှတ်(၇၉)၊ မြေကွက်တည်နေရာအမှတ် (၇၉)၊ (၄)လမ်း၊ ယမုံနာ(၂)ရပ်ကွက်၊ ဒေါပုံမြို့နယ် (ဦးစံမြင့်) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်ဦးစံမြင့်(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်တင်တင်အေး[ ၁၂/ဒပန(နိုင်)၀၁၈၃၉၅]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းများ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာမြအေး
### ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန
### အသက်(၆၅)နှစ်

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ၂၉-၁၁-၂၀၁၃(သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်နှင့် ဇနီး**
**ကာကွယ်ရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာမြအေး (၆၅)နှစ်
### ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး အသက်(၆၅) နှစ်သည် ၂၉-၁၁-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**နေပြည်တော်ကောင်စီ အရာထမ်း၊ အမှုထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ရဲမှူးကြီးရဲသူရိန်ခင်မောင်ထွန်း(ငြိမ်း)
### ဥက္ကဋ္ဌ၊ ကျောက်ဆည်အသင်း(ရန်ကုန်)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၄၄)၊ ရွှေနှင်းဆီရိပ်သာလမ်းနေ ဒေါက်တာအေးမြတ်လွင်၏ခင်ပွန်း ရဲမှူးကြီးရဲသူရိန်ခင်မောင်ထွန်း(ငြိမ်း) ကွယ်လွန်ခဲ့သည်မှာ ၁၇-၁၂-၂၀၁၃ရက်တွင် တစ်လပြည့်မြောက်မည်ဖြစ်ပါ၍ အထူးသတိရ ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် တစ်လပြည့်ဆွမ်းကပ် အမျှဝေခြင်းကို ကျောက်ဆည်အသင်း (ရန်ကုန်) ဓမ္မာရုံဗိမာန်တော်ကြီးတွင် သံဃာတော်(၁၀)ပါး အားပင့်ဖိတ်၍ နာယကကြီး ဒေါ်ကြည်ခင်မှဆွမ်းကပ်အမျှပေးဝေမည်ဖြစ်ပါသည်။ ယင်းနေ့နံနက် ၉ နာရီခွဲအရောက် ကျောက်ဆည်အသင်း(ရန်ကုန်)မှ အမှုဆောင်များ အားလုံးမပျက်မကွက် ကြွရောက်တရားနာယူအမျှဝေကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ဒေါ်ကြည်ခင်**
**နာယက**
**ကျောက်ဆည်အသင်း(ရန်ကုန်)**

## ဝမ်းနည်းကြေကွဲခြင်း

ကိုစိုးမင်းမြတ်(PSA Corporation Singapore)၏ဖခင် ဦးထွန်းမြတ်(မော်လမြိုင်)အသက်(၆၈)နှစ်သည် ၁-၁၂-၂၀၁၃ (တနင်္ဂနွေနေ့)နံနက် ၇ နာရီတွင်အာရှတော်ဝင်အထူးကုဆေးရုံ၌ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။ **ချစ်သူငယ်ချင်းများ**

**HIGH TECH Concrete**
**ကုမ္ပဏီလီမိတက်**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်စိုးမြင့် (၆၈)နှစ်

ဦးကျော်ဦး-ဒေါ်သန့်စင်ထွေး(ကထိက၊ မနုသဗေဒဌာန)တို့၏ မိခင် ဒေါ်ခင်စိုးမြင့် အသက်(၆၈)နှစ်သည် ၁-၁၂-၂၀၁၃(တနင်္ဂနွေနေ့) ည ၈ နာရီတွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇာနည်လွင်၊ ဒေါ်မိုးမိုးထွန်း**
**မိဘမေတ္တာလုပ်ငန်းစု**
**မိုးလွင် အိမ်၊ ခြံ၊ မြေဝန်ဆောင်မှုကုမ္ပဏီ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဝေလွင် (၅၉)နှစ်
### စုံစမ်းရေးမှူး(စစစ) (ငြိမ်း)

မြန်မာနိုင်ငံဆရာဝန်အသင်း၊ ရောဂါဗေဒဆရာဝန်များအဖွဲ့၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ဒေါ်အေးအေးမြင့်(ပါမောက္ခ၊ ဌာနမှူး၊ ရောဂါဗေဒဌာန၊ ဆေး-၁၊ ငြိမ်း)၏ ချစ်လှစွာသောမောင် ဦးဝေလွင် (၅၉)နှစ် စုံစမ်းရေးမှူး (စစစ) (ငြိမ်း)သည် ၂-၁၂-၂၀၁၃ နေ့တွင် ကွယ်လွန် သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရောဂါဗေဒဆရာဝန်များအဖွဲ့**
**မြန်မာနိုင်ငံဆရာဝန်အသင်း**

## ဒုရဲမှူးစိန်ဝင်း(ငြိမ်း)(၅၈)နှစ်
### အပတ်စဉ်(၁၅) (Cadet)

စစ်ကိုင်းမြို့၊ သာစည်ရပ်နေ (ဦးသန်းထွေး) - ဒေါ်စီစီလှတို့၏ သားကြီး၊ သာကေတမြို့နယ်၊ ၄/မြောက်ရပ်ကွက်၊ မြို့မ (၁၂)လမ်း(အနောက်)နေ (ဦးလှသိန်း)-ဒေါ်သိန်းမြင့်တို့၏သားသမက်၊ ဒေါ်ခင်မြင့်သန်း၊ ဒေါ်ခင်သန်းဝင်း၊ ဒေါ်တင်တင်၊ ဦးဝင်းမောင်သန်း၊ ဒေါ်ယဉ်ယဉ်သန်းတို့၏အစ်ကိုကြီး၊ ဟံသာဝတီ စည်ပင်ရဲဝင်း၊ တိုက်အမှတ်(၄)၊ အခန်း(၆)နေ ရဲအုပ်နွဲ့နွဲ့ဝင်း (စည်ပင်သာယာ ရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး)၏ ခင်ပွန်း၊ မောင်ချမ်းမြေ့အောင်၊ မမိုးသီရိအောင် (ဒုတိယနှစ်၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်)တို့၏ချစ်လှစွာသော မွေးသဖခင် ဒုရဲမှူးစိန်ဝင်း(ငြိမ်း)သည် ၂-၁၂-၂၀၁၃(တနင်္လာနေ့) ညနေ ၅း၁၅ နာရီတွင်ကွယ်လွန်သွားပါသဖြင့်၄-၁၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
## ဦးသိန်းဟန်(ခ)ဦးတီ(၇၉)နှစ်
### မြန်မာ့မီးရထား(ငြိမ်း)အင်းစိန်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ မရမ်းမြိုင်လမ်း၊ ခြံအမှတ်(၄၁)နေ (ဦးထွန်းအောင်-ဒေါ်အုန်းမြ) တို့၏ သား၊ (ဦးဘဂျမ်း-ဒေါ်အုံး)တို့၏သားသမက်၊ ဒေါ်ခင်နု(ခ)ဒေါ်ခင်လေး ၏ ခင်ပွန်း၊ ဒေါ်တင်တင်သိန်း၊ ဦးမောင်မောင်သိန်း-ဒေါ်စုစုမျိုး၊ ဦးဇော်မင်းသိန်း၊ဒေါ်ခင်သူဇာသိန်း(မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်)တို့၏မွေးသဖခင်၊ ဦးဝင်းထွန်း-ဒေါ်တင်တင်စိုးတို့၏ဦးလေး၊ မဖြူစင်သန့်၊မဖြူမွန်သန့်၊မလဲ့ရိဝင်းတို့၏ အဘိုးသည်၂-၁၂-၂၀၁၃(တနင်္လာနေ့) ညနေ၆း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၄-၁၂-၂၀၁၃(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၁၂-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၇း၃၀ နာရီမှ ၁၀း၃၀နာရီအထိအထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရားရဟန်းကျောင်းဒါယိကာမကြီး
## ဒေါ်အေးမြိုင် (၉၅)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(တောင်)ရပ်ကွက်၊ ဝါးခယ်မလမ်း၊ အမှတ်(၅၈)နေ (ဦးသာလှ-ဒေါ်ခင်) တို့၏သမီး၊ (ဦးဂျမ်းစိန်-ဒေါ်ကြင်ဟုန်)တို့၏သမီးချွေးမ၊ (ဦးပါ)၏ဇနီး၊ (ဦးကျော်ဝင်း)-ဒေါ်ခင်စန်းနွဲ့၊ (ဦးမြင့်ရွှေ)၊ (ဒေါ်မြင့်မြင့်ခင်)၊ ဦးလှထွန်း(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)-ဒေါ်မြင့်မြင့်ခိုင်၊ ဒေါ်ကြည်ကြည်ငွေ(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၊ ဦးအောင်ကြည်၊ ဦးညွန့်ဝေ(Uniteam Marine)-ဒေါ်မြမြသင်း၊ ဦးအောင်ကျော်ဖြိုး-ဒေါ်ဂျာဘင် (လ/ထကထိက၊ မအူပင်တက္ကသိုလ်)တို့၏ မွေးသမိခင်၊ မြေးကိုးယောက်၊ မြစ်သုံးယောက် တို့၏ ဘွားဘွားကြီးသည် ၃-၁၂-၂၀၁၃(အင်္ဂါနေ့) နံနက် ၀၀း၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၇-၁၂-၂၀၁၃(စနေနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးဝင်းသိန်း (၈၉)နှစ်
### မြို့နယ်ဦးစီးမှူး၊ စက်မှု/လယ်ယာ(ငြိမ်း)
### ရေတံခါး၊ တာဝ

ရန်ကုန်မြို့နေ (ဦးအေးမောင်-ဒေါ်အေးမေ)၊ (ဦးချစ်ဖေ-ဒေါ်အေးရွှေ)၊ (ဦးဘသာ-ဒေါ်သောင်းစိန်)၊ ဦးဟာရှင်-(ဒေါ်ကျော့မေ)တို့၏မောင်၊ (ဦးလှရွှေ-ဒေါ်ခင်ငွေ)၊ (ဦးစိန်အေး)-ဒေါ်တင်အေး၊ (ဦးထွန်းရီ)-ဒေါ်စန်းမြင့်တို့၏ အစ်ကိုမန္တလေးမြို့နေ ဦးလှညွန့်-ဒေါ်မေသန်းဝင်း၊ ရန်ကုန်မြို့နေ ဦးတင်ဝင်း-(ဒေါ်သီတာ)၊ ဦးထွေးဝင်း-ဒေါ်ချိုချိုသိန်း၊ ဦးဇော်လွင်ဝင်း(ခရိုင်ဦးစီးမှူး၊ ကသာခရိုင်၊ ငါးလုပ်ငန်းဦးစီးဌာန) - ဒေါ်ကေသီခိုင်၊ ဦးစောမင်းခိုင်-ဒေါ်မေမေခင်၊ (ဦးမောင်မောင်ကြီး)-ဒေါ်ခင်ဝေဝေ၊ ဒေါ်တင်မျိုးဝင်းတို့၏ဖခင်၊ မြေး ၁၂ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂-၁၂-၂၀၁၃ (တနင်္လာနေ့)ညနေ၆နာရီတွင်ကွယ်လွန်သွားပါ၍ ၃-၁၂-၂၀၁၃(အင်္ဂါနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဒေါ်သန်းသန်း (၈၈)နှစ်

ရန်ကုန်မြို့၊သမိန်ဗရမ်းလမ်း၊အမှတ်(၇၁)(၅)လွှာခြေရင်းခန်းနေ (ဦးဖေကျင်-ဒေါ်သောင်းတင်)တို့၏သမီး၊ (ဦးစိုးမင်း-ဒေါ်သန်းသန်း)၊ (ဦးမောင်မောင်)-ဒေါ်နုနု(ဦးထွန်းသိန်း)-ဒေါ်ကော့မိုင်၊ ဦးအောင်ရွှေ-ဒေါ်အေးအေး၊ ဦးချစ်ထွန်း- ဒေါ်ခင်ငွေဝင်း၊ မမြင့်မြင့်သန်းတို့၏မိခင်၊ (ဦးပါလေး)၏ ဇနီး၊ မြေး ၁၃ ယောက်၊ မြစ်ခြောက်ယောက် တို့၏ အဘွားသည် ၃-၁၂-၂၀၁၃ (အင်္ဂါနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၂-၂၀၁၃(ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများနံနက်၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်အေးလှ (၇၆)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ အမှတ်(၁၂)၊ (၁၂၃)လမ်းနေ (ဦးထွန်းရင်-ဒေါ်အုန်းစိန်)တို့၏ သမီး၊ (ဦးတင်မောင်)၏ ညီမ၊ ဦးအုန်းမြင့်-ဒေါ်ညွန့်စိန်တို့၏ အစ်မ ဒေါ်အေးလှသည် ၃-၁၂-၂၀၁၃ ရက် မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၂-၂၀၁၃ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးကံရွှေ (၆၉)နှစ်
### အမှတ်(၆)သစ်စက်(ငြိမ်း)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊(၈)ရပ်ကွက်၊ အမှတ်(၅၅)၊ အင်ကြင်းလမ်းနေ ဒေါ်ငွေးစိန်၏ ခင်ပွန်း၊ ဦးကြည်လွင်ဦး (ကညန၊ မူဆယ်)-ဒေါ်သီဂီဝင်း(ဆ/မ၊ ရန်ကုန်)တို့၏ ချစ်လှစွာသော မွေးသဖခင်၊ မောင်ဉာဏ်မင်းထက်၊ မောင်ဝင်းလွင်အောင်တို့၏ အဘိုးသည် ၂-၁၂-၂၀၁၃(တနင်္လာနေ့) ည ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၂-၂၀၁၃(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍၈-၁၂-၂၀၁၃ (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဇေယျကျော်ထင်ဗိုလ်မှူးကြီးပေါလ်ထွန်းရှိန်(ငြိမ်း)
### အသက်(၉၀)

မွန်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးဇော်လင်းထွန်း-ဒေါ်စန်းစန်းလွင်တို့၏ဖခင် ဇေယျကျော်ထင်ဗိုလ်မှူးကြီးပေါလ်ထွန်းရှိန် (ငြိမ်း) အသက်(၉၀)သည် ၂၇-၁၁-၂၀၁၃ ရက် မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကျိုက်ထီးရိုးစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## ဒုတိယဗိုလ်မှူးကြီးကြီးမြင့်(ငြိမ်း) ကြည်း(၅၆၇၁)
### (ပေါင်းတည်)
### အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သံလွင်လမ်း၊ ဦးအောင်ကိန်းလမ်းသွယ်၊ အမှတ်(၉၉ F/2) နေ (ဒေါ်ခင်စန်းရီ)၏ ခင်ပွန်း၊ (ဦးကြွ-ဒေါ်ရွှေ)တို့၏သား၊ (ဦးခန့်-ဒေါ်ကြည်) တို့၏သားသမက်၊ (ဦးမောင်မောင်-ဒေါ်ရင်မြ)တို့၏ညီ၊ (မပိုက်မိ)၏ အစ်ကို၊ ဦးကျော်ဇင်-ဒေါ်မြင့်မြင့်ခင်၊ ဦးသန့်ဇင်-ဒေါ်သင်းသင်းနိုင်၊ ဒေါက်တာဦးခင်မောင်ဦး-ဒေါ်နီလာဦး၊ SCOTT ELLIOTT - ဒေါ်သီတာ၊ ဒေါ်မြတ်လေးရီ၊ KERRY SEWARD - ဒေါ်ယင်မေခိုင်၊ ဦးလင်းခိုင်-ဒေါ်မေဝင်းသန်းတို့၏ ဖခင်၊ မြေး ၁၃ယောက်၊ မြစ်၂၁ယောက်တို့၏ အဘိုးသည် ၂-၁၂-၂၀၁၃(တနင်္လာနေ့) ည ၉း၄၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃-၁၂-၂၀၁၃ ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၈-၁၂-၂၀၁၃(တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊လမ်း၊တံတားဒါယကာကြီး
## ဦးအစိုင်း(ခ)ဦးလင်အစိုင်း(ပဲခူး) (၈၇)နှစ်
### ကြယ်ပွဲဆန်ပွဲရုံနှင့် Big Boss သောက်ရေသန့်

ပဲခူးမြို့၊ အုန်းပင်တန်းလမ်း၊ အမှတ်(၃၄၆)နေ ဒေါ်ကျင်ညွန့်၏ခင်ပွန်း၊ ဦးမြင့်ချို-ဒေါ်မူမူနိုင်၊ ဦးကျော်ဟိန်း-ဒေါ်ချိုချို၊ ဦးကျော်ဇံ-ဒေါ်ငြိမ်းငြိမ်းအေး၊ ဦးမြင့်ဇော်-ဒေါ်ဝင်းဝင်းနိုင်၊ ဦးဝင်းထွဋ်-ဒေါ်နွယ်နီဝင်း၊ ဦးဝင်းမောင်-ဒေါ်စန္ဒာဝင်း၊ ဒေါ်ရွှေရည်ဝင်းထွဋ်တို့၏ဖခင်၊ မြေး ၂၀၊ မြစ်ငါးယောက်တို့၏အဘိုးသည် ၃-၁၂-၂၀၁၃(အင်္ဂါနေ့)နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၂-၂၀၁၃(ကြာသပတေးနေ့)မွန်းတည့် ၁၂နာရီတွင် အထက်ပါနေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

## ဒေါ်ညွန့်မေ (၈၄)နှစ်
### စခန်းမှူး၊ သတင်းတပ်ဖွဲ့(ငြိမ်း)
### နှင်းဆီကုန်းဘိုးဘွားရိပ်သာ

ရန်ကုန်မြို့နေ ဦးထွန်းရွှေ-ဒေါ်ဝင်း ဝင်း၊ ဦးလှမြင့် - ဒေါ်သိန်းသိန်းတို့၏ အစ်မ၊ [ဦးကျစ်(ရဲအုပ်-ငြိမ်း)]၏ ဇနီး၊ (ဦးခင်ဇော်)-ဒေါ်စန်းမြင့်၊ ဦးထွန်းလွင်-ဒေါ်ရီရီငွေ၊ (ဦးသိန်းသွင်)-ဒေါ်စီစီငွေ(မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)၏ကျေးဇူးရှင်မိခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွား ဒေါ်ညွန့်မေသည် ၂-၁၂-၂၀၁၃(တနင်္လာနေ့) ည ၈း၃၀ နာရီတွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၁၂-၂၀၁၃(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများ အား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
## Capt ဦးစံထွန်း(အောင်လံ) (၇၂)နှစ်
### ရေ-ငြိမ်း၊ CDC-5637

အောင်လံမြို့နေ(ဦးချစ်မောင်-ဒေါ် ဟန်)တို့၏သား၊ (ဦးအောင်ကြည်-ဒေါ်သန်းငွေ) တို့၏သားသမက်၊ အမှတ် (၁၀၅၉)ပြည်ထောင်စုလမ်းမကြီး၊ (၂၈) ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်တင်တင်လှ၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးထိန်ဝင်း-ဒေါ်ဥမ္မာစံ၊ ဦးဝင်းသွယ်-ဒေါ်ရီရီစံ၊ဦးဇော်မိုးထွန်း-ဒေါ်သီရိဆွေ(ဦးအောင်မိုးထွန်း)- ဒေါ်စောလတ်လတ်သက်၊ ဦးကျော်ဇာထင်-ဒေါ်မြင့်မြင့်စံတို့၏ မွေးသဖခင်၊ မောင်စည်သူဝင်း၊ မောင်ဇေသက်ပိုင်ဝင်း၊ မောင်အောင်မော်မင်း၊မောင်အောင်ကောင်းထက်တို့၏ ချစ်လှစွာသောအဘိုး ဦးစံထွန်းသည် ၃-၁၂-၂၀၁၃(အင်္ဂါနေ့)နံနက်၁း၁၅နာရီတွင် ပင်လုံဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၅-၁၂-၂၀၁၃ (ကြာသပတေးနေ့) ညနေ ၃း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ် သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍၉-၁၂-၂၀၁၃ (တနင်္လာနေ့)နံနက် ၇နာရီမှ၁၁နာရီအထိ အထက်ပါနေအိမ်သို့ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးမြင့်သိန်း
## အသက်(၆၅)နှစ်
### (တရားလွှတ်တော်ရှေ့နေ)

ရန်ကုန်မြို့နေ (ဦးမောင်ဦး-ဒေါ်မမ ကြီး)တို့၏သား၊ ပခုက္ကူမြို့နေ (ဦးခင်မောင်)-ဒေါ်သင်းကြူတို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ ဗဟန်း(၂)လမ်း၊အမှတ်(၂၉)နေဒေါ်ထွေးညိုညို(ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်)၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးမြင့်အောင်)-ဒေါ်ခင်မာယု၊ ဦးမြင့် ထွန်းဦး-ဒေါ်ငွေးရှင် တို့၏ အစ်ကို၊ ဦးကိုကိုမြင့်-ဒေါ်သွယ်မျိုးညွန့်၊ ဦးမောင်မောင် မြင့်-ဒေါ်မေသူခက်၊ ဒေါ်အိချိုဇင်တို့၏ ချစ်လှစွာသောဖခင်၊ မငြိမ်းချမ်းခေတ်၊ မောင်ဘုန်းတေဇတို့၏ အဘိုးသည် ၃-၁၂-၂၀၁၃(အင်္ဂါနေ့) နံနက် ၂း၄၅ နာရီ တွင်ကွယ်လွန်သွားပါသဖြင့်၅-၁၂-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
## ဦးအေးသန်း (၆၃)နှစ်
### အောင်မြင်သာကျောက်မျက်ကုမ္ပဏီ

မန္တလေးမြို့၊ (၈၄)လမ်း၊ ၃၇/၃၈ကြား၊ အောင်ရုံဝင်းနေ(ဦးအောင်တင်-ဒေါ်အုံးရှင်)တို့၏သား၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ(ဦးသိန်း-ဒေါ်စောနု)တို့၏သားသမက်၊ ဒုမှူးကြီးစိန်လွင်(ငြိမ်း)-ဒေါ်သီရိအေးသန်းဝင်း၊ ဦးညီမော်ကွန်း-ဒေါ်ရူပါအေးသန်းဝင်း၊ ဦးမျိုးမြင့်ကျော်-ဒေါ်မေနွယ်အေးသန်းဝင်း၊ ဦးဇော်လင်းထွန်း-ဒေါ်စောဂျူလိုင်အေးသန်းဝင်းတို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုး၊ မန္တလေးမြို့နေ ဒေါ်စန်းစန်းဝင်း၏ခင်ပွန်း ဦးအေးသန်းသည် ၂-၁၂-၂၀၁၃ (တနင်္လာနေ့)နံနက် ၈း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၁၂-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တ ပညာသီဟ
### သိက္ခာတော်(၃၄)ဝါ၊ သက်တော်(၅၄)နှစ်
### ဥက္ကဋ္ဌ၊ ရွှေပြည်သာမြို့နယ် သံဃနာယကအဖွဲ့(မူလဒွါရ)

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံရွာမနေ ခမည်းတော် ဦးသောင်း-မယ်တော်ဒေါ်သန်းရင်တို့၏ သားရတနာ၊ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၁၆)ရပ်ကွက်၊ သီရိရတနာလမ်းမ၊ မာရ်အောင်မြင် 'ဝ'ကျောင်းတိုက်၏ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တပညာသီဟမထေရ်မြတ်သည် (၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလကွယ်နေ့) ၂-၁၂-၂၀၁၃(တနင်္လာနေ့) နံနက် ၁၁း၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်) ၈-၁၂-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဈာပနအခမ်းအနားကျင်းပပူဇော်၍ မွန်းလွဲ ၁ နာရီတွင် အန္တိမအဂ္ဂိဈာပနကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအပ်ပါသည်။

**အန္တိမဈာပနကျင်းပရေးကော်မတီနှင့်**
**တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများ**

## သီလရှင်ဆရာကြီးဒေါ်ကုမ္မာရီ
### အသက်(၉၂)နှစ်

ပဲခူးတိုင်းဒေသကြီး၊မိုးညိုမြို့နယ်၊ညောင်ပင်ကုန်းရွာနေ (ဦးဒီလုံး-ဒေါ်မယ်ကြည်)တို့၏သမီး၊ ဦးချစ်တီး-ဒေါ်ဝိုင်း၊ ဦးကျော်မြင့်-ဒေါ်တင်လှိုင်၊ ဦးကျော်စိုး-ဒေါ်တင်ရီ၊ဦးဉာဏ်ဝင်း-ဒေါ်ခင်စောဟန်၊ ဦးတင့်လွင်-ဒေါ်တင်ဝင်း၊ ဦးလှထွန်း-ဒေါ်အေးသိန်း၊ ဦးလှဆွေ-ဒေါ်သန်းသန်းငွေးတို့၏အစ်မ၊ ဗိုလ်မှူးကြီး တင်လှိုင်(ငြိမ်း)ပြည်ထဲရေးဝန်ကြီး(ငြိမ်း)-(ဒေါ်ခင်လှလှ)တို့၏ အဒေါ်သည် ၃-၁၂-၂၀၁၃ရက် နံနက် ၇း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့်ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## သီလရှင်ဆရာကြီးဒေါ်ကုမ္မာရီ
### အသက်(၉၂)နှစ်

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊အမှတ်(၁)ဝိုင်း ရွှေမြင့်မိုရ် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာနေ သီလရှင်ဆရာကြီး ဒေါ်ကုမ္မာရီသည် ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ (၃) ရက်၊ (၁၃၇၅-ခုနှစ်၊ နတ်တော်လဆန်း-၁)ရက် နံနက် ၇း၄၅ နာရီတွင် အထက်ပါကျောင်းတိုက်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးလှရှိန် အသက်(၉၀)
### အထက်တန်းဘာသာပြန်(ငြိမ်း)ပြန်ကြားရေးနှင့်အသံလွှင့်ဦးစီးဌာန
### အယ်ဒီတာ၊ ထွန်းနေ့စဉ်သတင်းစာ

ရန်ကုန်မြို့နေ(ဦးထွန်းဖေ၊ထွန်းနေ့စဉ်သတင်းစာ-ဒေါ်သန်းနွယ်)တို့၏သားကြီး (ဦးဘကျွဲ၊သစ်လုပ်ငန်း-ဒေါ်မမလေး)တို့ ၏သားသမက်၊အမှတ်-၂၅၂/၂၉၊ ရွှေပြည်စိုးလမ်း၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်ခင်အေး၏ခင်ပွန်း၊ဒေါ်မြမြ(အထက်တန်းပြ-ငြိမ်း)၏အစ်ကို၊ ဦးရှိန်လင်းဦး၊ဦးရှိန်လင်းထူး(MOGE)-ဒေါ်ရင်ရင်မြင့် (MOGE)၊ဦးရှိန်လင်းထွေး၊ဒေါ်ခင်စုရှိန် (Forever Group)၊(ဦးရှိန်လင်းထွဋ်)တို့၏ ဖခင်၊ မေသဲထူး၊ကျော်လင်းထူး တို့၏အဘိုးသည် ၂-၁၂-၂၀၁၃ (တနင်္လာနေ့) ညနေ ၄း၃၅နာရီတွင် တောင်ဥက္ကလာပနေအိမ်၌ ကွယ်လွန်သွားပါသဖြင့်၃-၁၂-၂၀၁၃ရက်တွင် နေအိမ်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားအကြောင်းကြား သိစေအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၈-၁၂-၂၀၁၃(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါ ရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးလှရှိန်

အထက်တန်းဘာသာပြန်(ငြိမ်း)ပြန်ကြားရေးနှင့်အသံလွှင့်ဦးစီးဌာန

အယ်ဒီတာ ထွန်းနေ့စဉ်သတင်းစာ

### အသက်(၉၀)

ဦးလှရှိန်(အထက်တန်းဘာသာပြန်-ငြိမ်း၊ ပြန်ကြားရေးနှင့်အသံလွှင့်ဦးစီးဌာန)၊ ဒေါ်ခင်အေး၏ခင်ပွန်း၊ဒေါ်ခင်စုရှိန်(Forever Group)၏ချစ်လှစွာသောဖခင် ဦးလှရှိန်သည် ၂-၁၂-၂၀၁၃ရက် ညနေ ၄း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသာစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**Forever Group** ဒါရိုက်တာအဖွဲ့နှင့်

**MRTV-4** ဝန်ထမ်းများ

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအုန်းကျော် (၇၄)နှစ်
### ဝါရင့်နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များအဖွဲ့
### ရွှေမောင်း အုတ်၊ သဲ၊ ကျောက် ရောင်းဝယ်ရေး

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီလမ်းမကြီး၊ အမှတ်(၇၇၈)နေ (ဦးရွှေမောင်း-ဒေါ်မြကြည်)တို့၏သား၊ (ဦးစော-ဒေါ်ယဉ်ကြည်)တို့၏ သားသမက်၊ ဒေါ်စန်းနွဲ့၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်အုန်းသန်း(ရွှေမောင်းစာပေ၊ ဟသ်ာတ)၏ ချစ်လှစွာသောအစ်ကို၊ ဦးတင်အောင်(လျှပ်စစ်၊ ငြိမ်း)-ဒေါ်ခင်လေး၊ ဦးငွေသိန်း-ဒေါ်လွင်လွင်ကျော်၊ (ဦးနေမျိုးကျော်)၊ ဦးအောင်မျိုးကျော်(သဥ္ဇာအုတ်၊သဲ၊ကျောက်ရောင်းဝယ်ရေး)-ဒေါ်သဥ္ဇာဦးတို့၏ ချစ်လှစွာသောဖခင်ကြီး၊ ဒေါ်နုဝါဝါ၊ ဒေါ်စုဝါဝါ၊ ဦးဘုန်းမြတ်ထက်-ဒေါ်အိအိချောတို့၏ ချစ်လှစွာသောဦးလေး၊ မြေး ၁၀ ယောက်တို့၏ချစ်လှစွာသောအဘိုး ဦးအုန်းကျော်သည် ၃-၁၂-၂၀၁၃ရက် နံနက် ၈ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၁၂-၂၀၁၃ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၁၅ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ မေးလ် themirror.npt@gmail.com၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ **R/184**

# စာပေသည် မှန်ကန်သော အတွေးအခေါ်၊ အယူအဆ၊ ဗဟုသုတများပေးစွမ်းနိုင် စာပေပညာရှင်ကြီးများ၏ နိုင်ငံနှင့် လူမျိုးအကျိုးပြုစာပေရေးသားထုတ်ဝေမှု ဂုဏ်ပြု

**ရန်ကုန်  ဒီဇင်ဘာ  ၃**

၂၀၁၂ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုပေးအပ်ချီးမြှင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်အမှာစကားပြောကြားပြီး အမျိုးသားစာပေ တစ်သက်တာဆုရရှိကြသည့် စာပေပညာရှင်ကြီးများအားဆုများပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးကော်မတီဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ဆုရွေးချယ်ရေးကော်မတီဝင်များ၊ အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရ စာပေပညာရှင်ကြီးများနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးညဏ်ထွန်းက အမှာစကားပြောကြားရာတွင် ယခုလသည် မြန်မာ့ယဉ်ကျေးမှု အစဉ်အလာများအရ ၁၂ လ ရာသီတွင် စာပေပညာရှင် စာဆိုတော်ကြီးများအားချီးမြှင့်ဂုဏ်ပြုသည့်လ ဖြစ်ပါကြောင်း၊ ယမန်နှစ်က စတင်ပြီး "စာဆိုတော်နေ့" တွင် ယခုကဲ့သို့ အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုချီးမြှင့်ပွဲ အခမ်းအနားများကို ကျင်းပခြင်းသည် စာပေကျေးဇူး၏ အနှစ်သာရကို ပိုမိုပြည့်ဝစေပြီး စာပေပညာရှင်ကြီးများအပေါ် တန်ဖိုးထားမှုကို ပိုမိုပေါ်လွင်စေရန်ဖြစ်ပါကြောင်း။

မြန်မာတို့၏စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုသက်တမ်းသည် ရှေးနှစ်ပေါင်းထောင်ချီ ကာလကတည်းက ဖြစ်ထွန်းလာခဲ့ခြင်းဖြစ်ပါကြောင်း၊ မြန်မာ့သမိုင်းတစ်လျှောက် စာပေပညာရှင်များအပါအဝင် နိုင်ငံ့အကျိုးသယ်ပိုးဆောင်ရွက်ခဲ့ကြသူများ၏ ကြိုးပမ်းအားထုတ်မှုများကြောင့် အမျိုး၊ ဘာသာ၊ သာသနာနှင့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များ ယနေ့အထိ ခိုင်ခိုင်မာမာရပ်တည်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် စာပေသည် အမျိုးသားယဉ်ကျေးမှု အနုပညာအရပ်ရပ်ကို ရှင်သန်ဖွံ့ဖြိုးစေသော ရေသောက်မြစ်ပင်ဖြစ်ပါကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳



ဒုတိယသမ္မတ ဦးညဏ်ထွန်း အမျိုးသားစာပေတစ်သက်တာဆုရ ဆရာကြီး ဦးတင်မောင် (သိပ္ပံမျိုးတင်)အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

## ယနေ့ မာတိကာ

ကလေးများ သင့်ထံမှ သင်ယူနေသည်
စာမျက်နှာ - ၆

စီမံကိန်းဝန်းကျင်ဒေသခံများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်လျက်ရှိ
စာမျက်နှာ - ၇

လေဒီဂါဂါပုံစံတူရုပ်တု တိုကျိုတွင် ထုလုပ်ထား
စာမျက်နှာ - ၁၂

## ဆီးဂိမ်းအထူးထုတ်ပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင်(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို ဂုဏ်ပြုသောအားဖြင့် ဆီးဂိမ်းအထူးထုတ်လေးမျက်နှာ အပိုပါရှိပါသည်။

# စာပေဆုရှင် စာဆိုတော်များ၏ ဝမ်းသာပီတိ စကားသံများ

မြန်မာ့သတင်းစဉ်(ရန်ကုန်)သတင်းအဖွဲ့

**ဒီဇင်ဘာ ၃ ရက်နေ့။** ဟေမန္တရာသီ နတ်တော်လ၏ နေ့ရက်များကား အေးမြမြဖြင့် ပို၍သက်ဝင်ပီပြင်လာသည်။ နတ်တော်လ၏ သက်ဝင်ပီပြင်မှုနှင့်အတူ မြန်မာစာဆို ပညာရှင်ကြီးများ၏ စိတ်အားမာန်များ၊ တက်ကြွသော ခြေလှမ်းများကလည်း ထပ်တူထပ်မျှ သက်ဝင်ပီပြင်လာသည်။

စာမျက်နှာ ၉ ကော်လံ ၃ သို့ ❖



ထားဝယ်အထူးစီးပွားရေးဇုန် ပုံစံငယ်ကို တွေ့ရစဉ်။ (သတင်း-စာမျက်နှာ-၂)

## ဆီးဂိမ်းအကြိုလှုံ့ဆော်ပွဲအတွက် မြန်မာပြည်သို့ရောက်ရှိခဲ့သည့် Pee Mak မင်းသမီး

**ရန်ကုန်  ဒီဇင်ဘာ  ၃**

၂၀၁၃ ခုနှစ်အတွင်းက ထွက်ရှိခဲ့သည့် Pee Mak ထိုင်းသရဲဟာသကားတွင် ပါဝင်သရုပ်ဆောင်ခဲ့သည့် ထိုင်းမင်းသမီး ဒါဗိကာဟော်နီနှင့် သရုပ်ဆောင် နှင့်အဆိုတော် Mos တို့သည် ယနေ့ မွန်းလွဲပိုင်းက မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့ပြီး မကြာမီကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အကြိုလှုံ့ဆော်ပွဲများတွင် မြန်မာအနုပညာရှင်များနှင့်အတူ ပါဝင်ဆင်နွှဲသွားမည်ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ○





# ကြေးမုံ

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ

အားကစားပြိုင်ပွဲ အထူးထုတ်

ဆီးဂိမ်းပြိုင်ပွဲကြီးကျင်းပရန် ၆ ရက်သာ လိုတော့သည်။ ၄ - ၁၂ - ၂၀၁၃ (ဗုဒ္ဓဟူးနေ့)




## အစဉ်အလာကြီးသော ပြေးခုန်ပစ် အားကစား

စာမျက်နှာ ၂သို့ » »

## ယုံကြည်မှုအပြည့်ဖြင့် ပြိုင်ပွဲဝင်မည့် ပန်ကြပ်စီလတ်

စာမျက်နှာ ၂သို့ » »



## မြန်မာနိုင်ငံ စက်ဘီးစီးအားကစားအဖွဲ့ ရွှေများရယူရန် ဆန္ဒပြင်းပြ

စာမျက်နှာ ၃ သို့ » »



# တစ်ကျော့ပြန်အောင်မြင်မှုများကို ရှာဖွေနေသည့် မြန်မာရေကူးအဖွဲ့

သတင်း - ချစ်ကိုကို
ဓာတ်ပုံ - စိုးညွန့်

မြန်မာရေကူးအဖွဲ့သည် ၂၀၁၃ ခုနှစ် ဆီးဂိမ်းပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ၂၀၁၃ နှစ်စပိုင်းကတည်းက ကြိုတင်လေ့ကျင့်မှုများပြုလုပ်ခဲ့သည်။ ပြိုင်ပွဲနီးကပ်လာသည်နှင့်အမျှ အပြီးသတ်ကစားသမား ၂၂ ဦးကို ရွေးချယ်လိုက်ပြီဖြစ်သည်။

ပြိုင်ပွဲဝင်မည့်ကစားသမားများကို တရုတ်နိုင်ငံတွင် ဧပြီလမှ ဇူလိုင်လအထိ ကာလရှည်လေ့ကျင့်စေခဲ့သလို ဩဂုတ်လအတွင်းက စပိန်နိုင်ငံ ဘာစီလိုနာမြို့တွင် ကျင်းပခဲ့သည့် ကမ္ဘာ့ရေကူးချန်ပီယံရှစ်ပြိုင်ပွဲတွင် တင်ကျော်လင်း၊ ဆုမိုးသိမ့်စံ၊ ခန့်ခန့်စုစံတို့အား အတွေ့အကြုံများစွာရရှိစေရန် သွားရောက်ယှဉ်ပြိုင်စေခဲ့သည်။

ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာရေကူးအသင်းသည် ပြိုင်ပွဲအမျိုးအစား ၃၂ မျိုးကို ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာရေကူးအဖွဲ့မှာ အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ကိုးဦးတို့ဖြင့် တစ်ဦးချင်းပြိုင်ပွဲ ၂၆ မျိုး၊ လက်ဆင့်ကမ်းပြိုင်ပွဲခြောက်မျိုးတို့ကို လာမည့်ဆီးဂိမ်းပြိုင်ပွဲတွင် ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာ့ရေကူးအဖွဲ့သည် ၂၀၀၁ ခုနှစ် မလေးရှားဆီးဂိမ်းတွင် မိုးသူအောင် ရွှေတံဆိပ်ဆုရရှိပြီးသည့်နောက် ရွှေတံဆိပ်ဆွတ်ခူးနိုင်ခြင်းမရှိသည့်အတွက် လာမည့်ဆီးဂိမ်းတွင် အောင်မြင်မှုများစွာရရှိရန် ပြင်ဆင်ထားကာ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာရေကူးအဖွဲ့တွင် အုပ်ချုပ်သူ ဦးသိန်းဝင်း၊ နည်းပြချုပ်ဦးမောင်မောင်စိန်၊ ကစားသမား (အမျိုးသား) များမှာ ရဲမြင့်ဟိန်း၊ မင်းသုခ၊ သီဟအောင်၊ အောင်မျိုးဦး၊ တင်ကျော်လင်း၊ ထိန်လင်းစိုး၊ စိုးဝင်း၊ ရန်နောင်စိုး၊ ဝင်းထက်ဦး၊ တန့်ခေါင်ထွန်း၊ နေအောင်လင်း၊ မင်းသူထက်၊ မြတ်သူဦးနှင့် (အမျိုးသမီး)များမှာ အိအိသက်၊ ကေဇင်ဝင်း၊ နန်းခမ်းမြတ်ချို၊ ခန့်ခန့်စုစံ၊ ဆုမိုးသိမ့်စံ၊ သီရိနန္ဒာ၊ အင်ကြင်းကေခိုင်၊ စံပယ်သင်း၊ ရွှန်းလဲ့မော်ဦးတို့ ဖြစ်သည်။

မြန်မာ့ရေကူးအဖွဲ့မှာ ဒေသတွင်းပြိုင်ဘက်များနှင့် ယှဉ်လျှင်ကွာခြားမှုရှိနေခြင်း၊ ကစားသမားများ၏ အတွေ့အကြုံပိုင်းတို့တွင် ကွာခြားမှုရှိနေခြင်းတို့ကြောင့် အောင်မြင်မှုရရှိနိုင်ရန် ခက်ခဲနိုင်သော်လည်း အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့်ပြိုင်ပွဲဖြစ်သောကြောင့် ဆုတံဆိပ်ရရှိရန် ကြိုးစားလေ့ကျင့်ပြင်ဆင်နေပါကြောင်း။ ■

# ဆီးဂိမ်းဝါတာပိုလိုပြိုင်ပွဲလက်ခံကျင်းပမည့် အားကစားရုံအား လိုအပ်ချက်များပါဝင်အောင် ပြင်ဆင်ဖွဲ့စည်းထား



သတင်း - နိုင်လင်းကြည်
ဓာတ်ပုံ - komo

**နေပြည်တော် ဒီဇင်ဘာ ၃**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့်ရရှိခဲ့သည့် (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အားကစားနည်းတစ်မျိုးအဖြစ် ထည့်သွင်းကျင်းပမည့် ဝါတာပိုလိုအားကစားပြိုင်ပွဲအတွက် ဇေယျာသီရိအားကစားကွင်းရှိ ဝါတာပိုလိုပြိုင်ပွဲရုံအား လိုအပ်ချက်များပါဝင်အောင် ပြင်ဆင်ဖွဲ့စည်းထားကြောင်း သိရသည်။

အဆိုပါ ဝါတာပိုလိုအားကစားနည်းအတွက် လက်ရှိ ဇေယျာသီရိအားကစားကွင်းရှိ ဝါတာပိုလိုပြိုင်ပွဲရုံတွင် ဝါတာပိုလို အားကစားနည်းနှင့် ပတ်သက်သည့် အားကစားပစ္စည်းများထားရှိရန်အတွက် အခန်းသုံးခန်း၊ မီဒီယာခန်း၊ သတင်းအချက်အလက်ဌာန၊ ရုပ်သံထုတ်လွှင့်မှုခန်းနှစ်ခန်း၊ ပြိုင်ပွဲကြီးကြပ်ရေးကော်မတီရုံးခန်း၊ နည်းစနစ်ဆိုင်ရာရုံးခန်း၊ ရုပ်မြင်သံကြားခန်း၊ တိုက်ရိုက်ထုတ်လွှင့်မှုအခန်းတစ်ခန်း၊ VIPခန်း၊ လုံခြုံရေးနှင့် အစည်းအဝေးခန်းသုံးခန်း၊ ဆုတံဆိပ်ကြိုတင်ပြင်ဆင်ရေးခန်း၊ ဒိုင်လူကြီးခန်း၊ ဆက်သွယ်ရေးဌာန၊ ကစားသမားနားနေခန်း၊ အမျိုးသား/အမျိုးသမီး အားကစားသမားများ ရေချိုးခန်း၊ အဝတ်အစားလဲခန်း၊ ဆေးဘက်ဆိုင်ရာဝန်ထမ်းရုံးခန်း စသည်ဖြင့် ပြင်ဆင်ဖွဲ့စည်းထားကြောင်း သိရသည်။

အဆိုပါ ဝါတာပိုလိုပြိုင်ပွဲရုံ၌ ကျင်းပမည့် အမျိုးသားဝါတာပိုလိုအားကစားနည်းတွင် ပြိုင်ပွဲဝင်အသင်းများအဖြစ် အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်း၊ စင်ကာပူနှင့် အိမ်ရှင်မြန်မာအပါအဝင် အသင်းငါးသင်းပါဝင်ကစားမည်ဖြစ်ပြီး ဒီဇင်ဘာ ၆ ရက်မှ စတင်ကာ ဒီဇင်ဘာ ၁၀ ရက်အထိ ငါးရက်ကြာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ■

# ဆီးဂိမ်းပထမဆုံးရွှေတံဆိပ်ကို မြန်မာအမျိုးသမီး ဘောလုံးအသင်း ရယူနိုင်မလား



သတင်း - ချစ်ကိုကို
ဓာတ်ပုံ - စိုးညွန့်

ဆီးဂိမ်းပြိုင်ပွဲများတွင် အမျိုးသမီးဘောလုံးပြိုင်ပွဲကို ၁၉၈၅ ပြိုင်ပွဲမှစ၍ ထည့်သွင်းကျင်းပခဲ့ပြီး မြန်မာအမျိုးသမီး ဘောလုံးအသင်းအနေဖြင့် အမြင့်ဆုံးရွှေတံဆိပ်ကိုရယူနိုင်ခြင်းမရှိသေးပေ။ မြန်မာအသင်းမှာ အာဆီယံအဆင့်တွင် ထိုင်း၊ ဗီယက်နမ်တို့နှင့် ထိပ်တန်းအဆင့်တွင်ရပ်တည်နေသော်လည်း ဆီးဂိမ်းရွှေတံဆိပ်ကို လက်မတင်လေး လက်လွှတ်ခဲ့ရသည်မှာ အကြိမ်ကြိမ်ဖြစ်သည်။

အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ယခု (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအမျိုးသမီးအနေဖြင့် ပထမဆုံးရွှေတံဆိပ်ကို ရယူနိုင်ရန် အကောင်းဆုံးအခွင့်အရေးပင် ဖြစ်သည်။ အာဆီယံ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲတွင် ချန်ပီယံနှစ်ကြိမ်ဖြစ်ဖူးပြီး အာရှဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲခြေစစ်ပွဲကို အကြိမ်ကြိမ်အောင်မြင်ဖူးသော မြန်မာအမျိုးသမီးအနေဖြင့် ဆီးဂိမ်းပထမဆုံးရွှေတံဆိပ်ကိုရယူနိုင်ရန် အားလုံးက မျှော်လင့်လျက်ရှိသည်။

မြန်မာ အမျိုးသမီးဘောလုံးအသင်းအနေဖြင့် ဆီးဂိမ်းပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများ စနစ်တကျပြုလုပ်ထားသလို ဂျပန်လူမျိုးနည်းပြ ကူမာဒါလက်ထက်တွင် များစွာတိုးတက်လာသည်ကို အသိအမှတ်ပြုရမည်ဖြစ်သည်။ ဇွန်လအတွင်းက ဂျပန်နိုင်ငံ အိုဆာကာမြို့တွင် ရက် ၂၀ ကြာသွားရောက်လေ့ကျင့်ခဲ့ပြီး မေလအတွင်းက ပါလက်စတိုင်းနိုင်ငံတွင် ကျင်းပခဲ့သော အာရှဖလား အမျိုးသမီးခြေစစ်ပွဲတွင် ခြေစစ်ပွဲအောင်မြင်အောင်စွမ်းဆောင်နိုင်ခဲ့သည်။ စက်တင်ဘာလအတွင်းက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သော အာဆီယံ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲတွင် စတုတ္ထနေရာသာရရှိခဲ့သော်လည်း ယင်းပြိုင်ပွဲမှ အားနည်းချက်၊ လိုအပ်ချက်များကို ပြန်လည်ပြင်ဆင်ကာ ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိရေး လေ့ကျင့်လျက်ရှိသည်။

# အားကစားစိတ်ဓာတ်အပြည့်ဖြင့် ယှဉ်ပြိုင်သွားမည့်ဝါတာပိုလိုအသင်း

**နေပြည်တော် ဒီဇင်ဘာ ၃**

အရှေ့တောင်အာရှအားကစားကျွန်းဆွယ်ပြိုင်ပွဲကို ၁၉၆၉ ခုနှစ်က ကျင်းပခဲ့ရာ ပထမဦးဆုံးအကြိမ် ပါဝင်ယှဉ်ပြိုင်ဖူးသော မြန်မာ့လက်ရွေးစင် ဝါတာပိုလိုအသင်းသည် ယခု (၄၄)နှစ်ကြာတွင် ပြန်လည်ကျင်းပသော (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကြီးတွင် နောက်တစ်ကြိမ်ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

၂၀၁၂ ခုနှစ် ဇွန်လ အိုလံပစ်အထိမ်းအမှတ် ဝါတာပိုလိုပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော ကာကွယ်ရေး(က)၊ ကာကွယ်ရေး(ခ)၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းနှင့် Tno Sport အသင်းတို့မှ လက်ရွေးစင်ကစားသမား ၂၆ ဦး မြန်မာ့လက်ရွေးစင်အသင်းတွင်ရွေးချယ်ခဲ့ကြောင်း၊ ထို ၂၆ ဦးထဲမှ ပဏာမလက်ရွေးစင်အဖြစ် ၁၆ ဦးကို ရွေးချယ်ခဲ့ပြီး ၂၀၁၃ ခုနှစ် မတ်လတွင် အမျိုးသားရေကူးကန်၌ စခန်းသွင်းလေ့ကျင့်ပေးခဲ့ကြောင်း၊ ဩဂုတ် ၁၅ ရက်မှ စက်တင်ဘာ ၄ ရက်အထိ Joint Training အဖြစ် စင်ကာပူနိုင်ငံသို့ ရက် ၂၀ ကြာ သွားရောက်လေ့ကျင့်ခဲ့ပြီးနောက် လက်ရွေးစင် ၁၃ ဦးကို ရွေးချယ်ခဲ့ကြောင်းသိရသည်။

စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ အင်ဒိုနီးရှား၊ မြန်မာပြိုင်ပွဲဝင် ငါးသင်းရှိပြီး ပတ်လည်စနစ်ဖြင့်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် ဝါတာပိုလိုအသင်းကို အုပ်ချုပ်သူနည်းပြများအဖြစ် ဦးသန်းကျော်ညွန့် (အငြိမ်းစားညွှန်ကြားရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန)၊ ဒု-အရာခံဗိုလ် ဦးကျော်ဇံလှ (ရန်ကုန်တိုင်းစစ်ဌာနချုပ်)၊ စင်ကာပူနည်းပြ မစ္စတာလီတို့က ဦးဆောင်လေ့ကျင့်ပေးလျက်ရှိပြီး လက်ရွေးစင်အားကစားသမားများမှာ ဂိုး - လှနိုင်၊ မြင့်ဦးလွင်၊ ကစားသမားများအဖြစ် သန်းထွဋ်၊ ဇင်မောင်ထက်၊ အောင်မျိုးခိုင်၊ နေမျိုးသွင်၊ အေးမင်းလတ်၊ ဝင်းထွန်းမြတ်၊ လေမောင်သိန်း၊ ကျော်ဇေယျ၊ တိုးတိုး၊ တင်အောင်လင်းနှင့် ဇင်မျိုးခက်တို့ပါဝင်ကြသည်။

ရှစ်မိနစ် လေးကြိမ်ကစားမည်ဖြစ်ပြီး ရှစ်မိနစ်ပြီးလျှင် နှစ်မိနစ်နား၊ ရှစ်မိနစ်ပြီး စာမျက်နှာ ၃ သို့ »»



သတင်း - သကြန်မိုး
ဓာတ်ပုံ - ALEZ

အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ခြင်းလုံးအားကစားနည်း ယနေ့စတင်ယှဉ်ပြိုင်မည်
နေရာ - ဝဏ္ဏသိဒ္ဓိအားကစားကွင်း
အချိန် - နံနက် ၉ နာရီ

ADVERTISEMENT







AGD BANK
Asia Green Development Bank Limited
တစ်နှစ်
အမြင့်ဆုံး အတိုးနှုန်း
၁၀%
FIXED DEPOSIT


ဒီဇင်ဘာ (၆) ရက်နေ့မှစ၍
အပတ်စဉ် သောကြာနေ့ နှင့်
စနေနေ့ ည (၈) နာရီ တွင်
ပြသပါမည်
ချစ်ပုံပြင်


5
SERIES
အိုးရှင်း

ထုတ်ကုန်ပြပွဲနှင့် အထူးဈေးရောင်းပွဲတော်ကြီး

ပြခန်းများ ဆောင်ရောက်ချနေပါပြီ။

ဆက်သွယ်ရန် - Tin Ko Ko Co., Ltd . Ph : 09-8634497 , 09-73035407 , 09-250010953 , 09-421077817, 09-31271325













CONGRATULATIONS
ALL WINNERS
The YANGON DIRECTORY
Everything U Need
1st March
HTC (red)
1st March
HTC (White)
16th March
Nintendo Wii
1st April
City Mart Gift
Ayeyar River View Resort
16th April
I Phone 5
1st May
16th May
Samsung Galaxy S4
1st June
Gold
16th June
1st July
16th July
Samsung Galaxy Mega
1st August
Dunlopillow set
16th August
1st September
Washing Machine
16th September
Apple Mac Book
1st October
16th October
Galaxy Note 3 & Gear
1st November
16th November
Thailand Trip (2) Person
COMING SOON . . ?
12 days Special Christmas Luckydraw Program!
For more Info :
Address
E-Mail
luckydraw@yangon-directory.com
www.yangon-directory.com
Phone
01- 9000 712, 9000 713
Fax
01- 379 597
HOTLINE 01-8619277